http://www.dhammadownload.com

ကထာဝတ္ထုပါဠိတော် မြန်မာပြန်

# မာတိကာ

---

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၁၁-ပုဂ္ဂလကထာ


| | | |
|---|---|---|
| ၁။ | သုဒ္ဓသစ္စိကဋ္ဌ ၁-အနုလောမပစ္စနိက် (က) ပဌမနိဂ္ဂဟ .... .... | ၁ |
| ၁။ | သုဒ္ဓသစ္စိကဋ္ဌ ၂-ပစ္စနီကာနုလောမ (ခ) ဒုတိယနိဂ္ဂဟ .... .... | ၇ |
| ၂။ | ဩကာသသစ္စိကဋ္ဌ ၁-အနုလောပစ္စနိက်(ဂ) တတိယနိဂ္ဂဟ .... .... | ၁၂ |
| ၃။ | ကာလသစ္စိကဋ္ဌ ၁-အနုလောမပစ္စနိက်(ဃ) စတုတ္ထနိဂ္ဂဟ .... .... | ၁၃ |
| ၄။ | အဝယဝသစ္စိကဋ္ဌ ၁-အနုလောမပစ္စနိက်(င) ပဉ္စမနိဂ္ဂဟ .... .... | ၁၄ |
| ၂။ | ဩကာသသစ္စိကဋ္ဌ ၂-ပစ္စနီကာနုလောမ (စ) ဆဋ္ဌနိဂ္ဂဟ .... .... | ၁၅ |
| ၃။ | ကာလသစ္စိကဋ္ဌ ၂-ပစ္စနီကာနုလောမ (ဆ) သတ္တမနိဂ္ဂဟ .... .... | ၁၆ |
| ၄။ | အဝယဝသစ္စိကဋ္ဌ ၂-ပစ္စနီကာနုလောမ (ဇ) အဋ္ဌမနိဂ္ဂဟ .... .... | ၁၇ |
| ၅။ | သုဒ္ဓိကသံသန္ဒနာ .... .... .... .... .... .... | ၁၈ |
| ၆။ | ဩပမ္မသံသန္ဒနာ .... .... .... .... .... .... | ၂၄ |
| ၇။ | စတုက္ကနယသံသန္ဒနာ .... .... .... .... .... | ၃၃ |
| ၈။ | လက္ခဏယုတ္တိကထာ .... .... .... .... .... | ၃၉ |
| ၉။ | ဝစနသောဓနကထာ .... .... .... .... .... | ၄၀ |
| ၁၀။ | ပညတ္တာနုယောဂ .... .... .... .... .... .... | ၄၂ |
| ၁၁။ | ဂတိအနုယောဂ .... .... .... .... .... .... | ၄၆ |
| ၁၂။ | ဥပါဒါပညတ္တာနုယောဂ .... .... .... .... .... | ၅၆ |
| ၁၃။ | ပုရိသကာရာနုယောဂ .... .... .... .... .... | ၆၉ |
| ၁၄။ | အဘိညာနုယောဂ.... .... .... .... .... .... | ၈၄ |
| ၁၅-၁၈။ | ဉာတကာနုယောဂါဒိ .... .... .... .... .... | ၈၅ |
| ၁၉။ | ပဋိဝေဓာနုယောဂ .... .... .... .... .... .... | ၈၇ |
| ၂၀။ | သံဃာနုယောဂ .... .... .... .... .... .... | ၈၉ |
| ၂၁။ | သစ္စိကဋ္ဌသဘာဂါနုယောဂ .... .... .... .... .... | ၉၀ |


## ၂-ပရိဟာနိကထာ


| | | |
|---|---|---|
| ၁။ | ဝါဒယုတ္တိပရိဟာနိ .... .... .... .... .... | ၁၀၄ |
| ၂။ | အရိယပုဂ္ဂလသံသန္ဒနပရိဟာနိ .... .... .... .... | ၁၀၆ |
| ၃။ | သုတ္တသာဓနပရိဟာနိ .... .... .... .... .... | ၁၃၂ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၂-ဒုတိယဝဂ် | (၂၀) ၁၁-နိရောဓကထာ | ၂၉၁ |
| ၃-တတိယဝဂ် | (၂၁) ၁-ဗလကထာ | ၂၉၃ |
| ၃-တတိယဝဂ် | (၂၂) ၂-အရိယန္တိကထာ | ၂၉၇ |
| ၃-တတိယဝဂ် | (၂၃) ၃-ဝိမုတ္တိကထာ | ၃၀၉ |
| ၃-တတိယဝဂ် | (၂၄) ၄-ဝိမုစ္စမာနကထာ | ၃၁၁ |
| ၃-တတိယဝဂ် | (၂၅) ၅-အဋ္ဌမကကထာ | ၃၁၄ |
| ၃-တတိယဝဂ် | (၂၆) ၆-အဋ္ဌမကဿဣန္ဒြိယကထာ | ၃၂၀ |
| ၃-တတိယဝဂ် | (၂၇) ၇-ဒိဗ္ဗစက္ခုကထာ | ၃၂၅ |
| ၃-တတိယဝဂ် | (၂၈) ၈-ဒိဗ္ဗသောတကထာ | ၃၂၉ |
| ၃-တတိယဝဂ် | (၂၉) ၉-ယထာကမ္မူပဂတဉာဏကထာ | ၃၃၁ |
| ၃-တတိယဝဂ် | (၃၀) ၁၀-သံဝရကထာ | ၃၃၃ |
| ၃-တတိယဝဂ် | (၃၁) ၁၁-အသညကထာ | ၃၃၇ |
| ၃-တတိယဝဂ် | (၃၂) ၁၂-နေဝသညာနာသညာယတနကထာ | ၃၄၀ |
| ၄-စတုတ္ထဝဂ် | (၃၃) ၁-ဂိဟိဿအရဟာတိကထာ | ၃၄၅ |
| ၄-စတုတ္ထဝဂ် | (၃၄) ၂-ဥပပတ္တိကထာ | ၃၄၇ |
| ၄-စတုတ္ထဝဂ် | (၃၅) ၃-အနာသဝကထာ | ၃၅၀ |
| ၄-စတုတ္ထဝဂ် | (၃၆) ၄-သမန္နာဂတကထာ | ၃၅၄ |
| ၄-စတုတ္ထဝဂ် | (၃၇) ၅-ဥပေက္ခာသမန္နာဂတကထာ | ၃၆၁ |
| ၄-စတုတ္ထဝဂ် | (၃၈) ၆-ဗောဓိယာဗုဒ္ဓေါတိကထာ | ၃၆၂ |
| ၄-စတုတ္ထဝဂ် | (၃၉) ၇-လက္ခဏကထာ | ၃၆၆ |
| ၄-စတုတ္ထဝဂ် | (၄၀) ၈-နိယာမောက္ကန္တိကထာ | ၃၆၉ |
| ၄-စတုတ္ထဝဂ် | (၄၁) ၉-အပရာပိသမန္နာဂတကထာ | ၃၇၄ |
| ၄-စတုတ္ထဝဂ် | (၄၂) ၁၀-သဗ္ဗသံယောဇနပ္ပဟာနကထာ | ၃၈၂ |

ကထာဝတ္ထုပါဠိတော် မြန်မာပြန်

ပဌမတွဲ မာတိကာ ပြီး၏။

http://www.dhammadownload.com

## ကထာဝတ္ထုပါဠိတော် မြန်မာပြန်

# ကျမ်းဦးမှတ်ဖွယ်

ကထာဝတ္ထုကျမ်းသည် ခုနစ်ကျမ်းသော အဘိဓမ္မာကျမ်းတို့တွင် ပဉ္စမမြောက် ကျမ်းဖြစ်၏၊ ဤကျမ်းကို အိန္ဒိယရာဇဝင်များအရ သာသနာနှစ် ၃၀၄ (၂၄၀-ဘီစီ[၁])တွင် အသျှင်မဟာမောဂ္ဂလိပုတ္တတိဿအသျှင်မြတ်သည် ရှစ်ပါးသော အကြောင်းအခြေခံရှိသော ဝါဒယုတ္တိကိုအစပြု၍ မြတ်စွာဘုရား ဟောထားတော်မူခဲ့သော မာတိကာခေါင်းစဉ်ဖြင့် သကဝါဒ၌ သုတ်ငါးရာ ပရဝါဒ၌ သုတ်ငါးရာ အညီအမျှပြုကာ သုတ်ပေါင်းတထောင် တန်ဆာဆင်လျက် ပါဋလိပုတ်ပြည်၌ ဟောတော်မူခဲ့လေသည်။

[အသောကမင်းကြီးသည် သာသနာ ၂၇၁ (၂၇၃-ဘီစီ)တွင် နန်းတက်သည်၊ နောက်လေးနှစ် ပြည်တွင်းရေးသုတ်သင်ပြီး သာသနာ ၂၇၅ (၂၆၉-ဘီစီ)တွင် အဘိသိက်ခံ၏၊ အဘိသိက်ခံပြီး နှစ်ပေါင်း ၂၉-နှစ်အကြာ သာသနာ ၃၀၄ (၂၄၀-ဘီစီ)တွင် တတိယသံဂါယနာပွဲကို ကျင်းပသည်၊ သာသနာ ၃၁၂ (၂၃၂-ဘီစီ)တွင် နတ်ရွာစံသည်ဟု ရှေးဟောင်းဟိန္ဒူခေတ် အိန္ဒိယရာဇဝင်တွင် အဆိုရှိ၏၊ ထိုစကားများအရ ကထာဝတ္ထုကျမ်းကို အသျှင်မဟာမောဂ္ဂလိပုတ္တတိဿဟောသော နှစ်မှာလည်း တတိယ သံဂါယနာတင်သော နှစ်နှင့် တနှစ်တည်း သာသနာ ၃၀၄ (၂၄၀ ဘီစီ)သာ ဖြစ်နိုင်ပေ၏၊ သို့သော် ပါဠိမှတ်တမ်းများ၌ တတိယသံဂါယနာတင်သောနှစ်မှာ သာသနာ ၂၃၅-ခုနှစ်ဖြစ်ကြောင်း ပြဆိုထားချက်များရှိသဖြင့် အထက်ပါ အိန္ဒိယရာဇဝင်စကားနှင့် နှိုင်းယှဉ်သော် နှစ်ပေါင်း ၇၀-ခန့် ကွာခြားနေကြောင်း တွေ့ရှိရပေသည်။]

ထိုစကားကို ထင်ရှားစေဦးအံ့—

မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် သာသနာနှစ် ၁၀၀-အရောက်တွင် ဝေသာလီပြည်၌ ဝဇ္ဇီတိုင်းသား ရဟန်းများသည် အဓမ္မဝတ္ထုဆယ်ပါးကို ကျင့်သုံးပြောဟောနေကြသဖြင့် အသျှင်မဟာယသမထေရ်မြတ်က အားထုတ်ကြိုးပမ်းလျက် လဇ္ဇီသူမွန် ပညာဝန်ဖြစ်တော်မူကြသည့် ၇၀၀-သော ရဟန္တာမထေရ်ကြီးတို့ကို စုစည်းကာ အဓမ္မဝါဒီ ဝဇ္ဇီတိုင်းသားရဟန်းများအား နှင်ထုတ်ပြီးလျှင် အသျှင်သဗ္ဗကာမိမဟာထေရ်မြတ်ကြီးကို အကြီးအမှူးပြုလျက် မဂဓတိုင်းရှင် ဘုရင်ကာလာသောကမင်းကြီး၏ ကူညီထောက်ပံ့မှုကို ခံယူ၍ ဒုတိယသံဂါယနာတင်တော်မူခဲ့ကြသည်။

ထိုအခါ ဝဇ္ဇီတိုင်းသား ရဟန်းများကလည်း မိမိတို့နှင့်သဘောတူညီသော အသင်းအပင်းကို ရှာကြံစုပေါင်း၍ ကောသမ္ဗီပြည်တွင် စင်ပြိုင်သံဂါယနာတင်ကြ၏၊ ၎င်းတို့သံဂါယနာကို သံဃာတသောင်းဖြင့် သံဂါယနာတင်သဖြင့် မဟာသံဃိကသံဂါယနာဟူသော အမည်ကို ခံယူခဲ့ကြသည်၊ ထို့ကြောင့် ၎င်းတို့ဂိုဏ်းကို မဟာသံဃိကဂိုဏ်းဟူ၍၎င်း မဟာသင်္ဂီတိဂိုဏ်းဟူ၍၎င်း ခေါ်တွင်စေခဲ့ကြ၏။

---

၁။ **Before Christ.** ခရစ်မပေါ်မီဟု ဆိုလို၏။

http://www.dhammadownload.com



ထိုအချိန်မှစ၍ ပဌမသံဂါယနာတင် သံဃာတော်အစဉ်မှ ထေရဝါဒဂိုဏ်း မဟာသံဃိက (မဟာသင်္ဂီတိ)ဂိုဏ်းဟူသော ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲပြား၍လာကြသည်၊ ထိုနောက် မဟာသံဃိက ဂိုဏ်းဝင်တို့သည် ၎င်းတို့၏ဂိုဏ်းကို ကျယ်ပြန့်သည်ထက် ကျယ်ပြန့်အောင် ဖြန့်လွှင့် အားထုတ်ကြကုန်၏။

သို့သော်လည်း ထိုမဟာသံဃိကဂိုဏ်းနှင့် ထေရဝါဒ နှစ်ဂိုဏ်းလုံးသည်ပင် မြတ်စွာဘုရား သာသနာတော်နှစ် ဒုတိယနှစ်တရာ (အနှစ်နှစ်ရာ) အတွင်း၌ ဂိုဏ်းအမျိုးမျိုး ကွဲပြား၍ လာလေသည်။

၎င်းတို့မှာ—

မူလ မဟာသံဃိက(မဟာသင်္ဂီတိ)ဂိုဏ်းမှ (၁) ဂေါကုလိကဂိုဏ်းနှင့် (၂) ဧကဗျောဟာရ ဂိုဏ်းဟူ၍ နှစ်ဂိုဏ်းကွဲလာကြပြီးနောက် ဂေါကုလိကဂိုဏ်းမှ တဖန် (၃) ပဏ္ဏတ္တိဂိုဏ်းနှင့် (၄) ဗဟုဿုတိကဂိုဏ်းဟူ၍ ကွဲလာကြပြန်သည်၊ ထို့မှတဖန် ၎င်းဗဟုဿုတိကဂိုဏ်းမှပင် (၅) စေတိယဂိုဏ်းဟူသောအမည်ဖြင့် တဂိုဏ်းထွက်လာပြန်ရာ မူလ မဟာသံဃိကဂိုဏ်းနှင့်သော် ဂိုဏ်းခြောက်ဂိုဏ်းကွဲလာလေသည်။

မူလထေရဝါဒဂိုဏ်းကြီးမှလည်း ဦးစွာပဌမ (၁) မဟိသာသကနှင့် (၂) ဝဇ္ဇိပုတ္တကဟု နှစ်ဂိုဏ်းကွဲပြားလာပြီးနောက် တဖန် ဝဇ္ဇိပုတ္တကဂိုဏ်းမှ (၃) ဓမ္မုတ္တရိယ (၄) ဘဒြယာနိက (၅) ဆန္နာဂါရိယ (၆) သမ္မိတိယဟု ၄-ဂိုဏ်းကွဲပြန်လေ၏၊ မဟိသာသကဂိုဏ်းမှ (၇) သဗ္ဗတ္ထိ (၈) ဓမ္မဂုတ္တဟူ၍ နှစ်ဂိုဏ်းကွဲပြီးနောက် သဗ္ဗတ္ထိဂိုဏ်းမှ (၉) ကဿပိက (၁၀) သင်္ကန္တိက (၁၁) သုတ္တဝါဒဟု အဆင့်ဆင့် သုံးဂိုဏ်းကွဲလာပြန်၏၊ သို့နှင့် မူလထေရဝါဒဂိုဏ်းကြီးနှင့်သော် ၁၂-ဂိုဏ်းဖြစ်လာလေသည်။

ဤသို့လျှင် သာသနာနှစ် နှစ်ရာအတွင်း၌ ထေရဝါဒဂိုဏ်းကွဲ ၁၂-ဂိုဏ်းနှင့် မဟာသံဃိက ဂိုဏ်းကွဲ ၆-ဂိုဏ်း နှစ်ရပ်ပေါင်း သံဃဂိုဏ်း ၁၈-ဂိုဏ်းဖြစ်လာလေသည်[၁]။

ထို့မှသာမက နောက်၌ ဟေမဝတ, ရာဇဂိရိက, သိဒ္ဓတ္ထိက, ပုဗ္ဗသေလိယ, အပရသေလိယ၊ ဝါဇိရိယဟူ၍ အဆက်ဆက် ခြောက်ဂိုဏ်းကွဲလာသေးသည်ဟု တွေ့ရှိရသေး၏၊ ထိုခြောက်ဂိုဏ်းတွင် ပုဗ္ဗသေလိယ, အပရသေလိယ, ရာဇဂိရိက, သိဒ္ဓတ္ထိကဟူသော ၄-ဂိုဏ်းကို အန္ဓကဂိုဏ်းဟု ခေါ်တွင်ကြောင်း ယင်းအန္ဓကဂိုဏ်းတို့သည် နောက်ပိုင်းမှ ဖြစ်ပေါ်လာကြကြောင်း ကထာဝတ္ထု အဋ္ဌကထာ သတိပဋ္ဌာန်ကထာအဖွင့်၌ ပြဆိုထားပေသည်၊ ဤ ၆-ဂိုဏ်းလုံးပင် ထွန်းကားသော ဂိုဏ်းများမဟုတ်သဖြင့် အထူးအမှတ်အသား မထားကြကုန်ဟူ၍လည်း ဖော်ပြထားသေးသည်[၂]၊ သို့သော် ကထာဝတ္ထုပါဠိတော်တွင် စင်ကြယ်သော ထေရဝါဒမှတပါး အထူးပြု၍ ဖော်ထုတ် ဝေဖန်အပ်သော ဝါဒတို့မှာ သံဃဂိုဏ်း ၁၇-ဂိုဏ်းမှ ၈-ဂိုဏ်းတို့နှင့် အန္ဓကဂိုဏ်း ၄-ဂိုဏ်းတို့၏ ဝါဒတို့ပင် ဖြစ်သဖြင့် အထက်ပါစကားရပ်ကို စဉ်းစားသင့်ပေသည်။

မှန်ပေ၏၊ ထေရဝါဒ ပင်မသံဃဂိုဏ်းမှတပါး အခြား ၁၇-ဂိုဏ်းတို့၏ ဝါဒတို့တွင် ဝဇ္ဇိပုတ္တက, သမ္မိတိယ, သဗ္ဗတ္ထိဝါဒီ, ကဿပိက, မဟာသံဃိက, ဂေါကုလိက, ဘဒြယာနိကနှင့် မဟိသာသက

---

၁။ အဘိ-ဋ္ဌ-၃-၁၀၆။

၂။ အဘိ-ဋ္ဌ-၃-၁၀၉,၁၅၈။

http://www.dhammadownload.com



ဟူသော ဂ-ဂိုဏ်းတို့၏ ဝါဒများနှင့် ဖော်ပြပါ အန္ဓက ၄-ဂိုဏ်းတို့၏ ဝါဒများကိုသာ ကထာဝတ္ထုတွင် ဝေဖန်တင်ပြထားကြောင်း ကြွင်းသော ထေရဝါဒနှင့် မဟာသံဃိကဂိုဏ်းကွဲ ၉-ဂိုဏ်း၏ ဝါဒများကို ဖော်ပြမထားကြောင်း သို့သော် ထိုဂိုဏ်းများမှ အလွတ်ဖြစ်သော ဥတ္တရာပထက, ဝေတုလ္လကနှင့် ဟေတုကဝါဒ၏ အယူဝါဒများကိုကား ဖော်ပြထားသေးကြောင်း အဋ္ဌကထာအရ သိရှိရပေသည်။

[အခြားမှတ်တမ်းများ၌ အန္ဓကဂိုဏ်းကွဲများနှင့်ပတ်သက်၍ ရေးသားပုံမှာ အသောကမင်းကြီးလက်ထက်၌ နှင်ထုတ်ခံရသော တိတ္ထိဂိုဏ်းဝင်တို့သည် ပါဋ္ဌလိပုတ်ပြည်မှ ထွက်သွားကြပြီး ရာဇဂြိုဟ်ပြည်အနီး နာလန္ဒမြို့၌ စုပေါင်းကြကာ ဗုဒ္ဓသာသနာကို ဥပါယ်တမျဉ်ဖြင့် ဖျက်ဆီးရန် တိုင်ပင်လျက် ဖော်ပြပါ သံဃဂိုဏ်း ၁၈-ဂိုဏ်းသို့ ချဉ်းကပ်ကြကြောင်း စင်ကြယ်သော မူလထေရဝါဒဂိုဏ်းသို့ မချဉ်းကပ်နိုင်ပဲ ကျန် ၁၇-ဂိုဏ်းသို့ ချဉ်းကပ်ကြပြီး မိမိတို့၏ တိတ္ထိအဖြစ်ကို မသိစေဘဲ သဒ္ဓါပဗ္ဗဇိတယောင်ယောင်ပြု၍ ရဟန်းပြုကြကြောင်း ပိဋကတော်များကို သင်ကြားကြပြီးနောက် ကောသမ္ဗီပြည်သို့ သွားကြလျက် ဓမ္မဝိနယကို ဖျက်ဆီးရန် တိုင်ပင်၍ သာသနာ ၂၅၃-ခုနှစ်တွင် (၁) ဟေမဝတိက (၂) ရာဇဂိရိက (၃) သိဒ္ဓတ္ထိက ,(၄) ပုဗ္ဗသေလိယ (၅) အပရသေလိယ (၆) ဝါဇိရိယ (၇) ဝေတုလ္လက (၈) အန္ဓကနှင့် (၉) အညမဟာသံဃိကဟူ၍ ဂိုဏ်း ကိုးဂိုဏ်းကို ဖွဲ့စည်းကြကြောင်း ၎င်းဂိုဏ်း ကိုးဂိုဏ်းတို့မှ အစဉ်အတိုင်း (၁) ဝဏ္ဏပိဋက (၂) အင်္ဂုလိမာလပိဋက (၃) ဂူဠ္ဌဝေဿန္တရ (၄) ရဋ္ဌပါလဂဇ္ဇိတ (၅) အာဠဝကဂဇ္ဇိတ (၆) ဂူဠ္ဌဝိနယ (၇) ဝေတုလ္လပိဋက (၈) ရတနာကူဋနှင့် (၉) အက္ခရသာရိယဟူသောကျမ်းများကို အသီးအသီး ပြုစုကြကြောင်းဖြင့် ရေးသားထားသည်ကို တွေ့ရပေသည် [၁]၊ ဤမှတ်တမ်းများအရဆိုလျှင် ဟေမဝတိကစသော ဤဂိုဏ်း ၉ ဂိုဏ်းသည် တိတ္ထိများသာ ဖြစ်ကြကြောင်း အသျှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်က တိတ္ထိတို့ကို စိစစ်ပြီး နှင်ထုတ်စဉ်က ၎င်းတို့မှာ ဘုရားဟော ပိဋကတော်များကို သင်ကြားထားသူများဖြစ်၍ မပါဝင်ပဲ ကထာဝတ္ထုကျမ်းကို ဟောကြားမှ ယခင် ၁၇-ဂိုဏ်းနှင့်အတူ ပေါ်ပေါက်လာရကြောင်း သိရပေသည်။]

---

၁။ ဝိထုန္ဒိမဏ္ဍနီဒါနကထာ ၂၃။

http://www.dhammadownload.com



သာသနာနှစ် ၂၇၁(၂၇၃ ဘီစီ)တွင် မဂဓတိုင်း ပါဋလိပုတ် နေပြည်တော်၌ နန်းတက်တော်မူသော အသောက မင်းတရားကြီးသည် နန်းတက်ပြီး လေးနှစ်မြောက် သာသနာ ၂၇၅ (၂၆၉-ဘီစီ)တွင် အဘိသိက်ခံ၍ လေးနှစ်အကြာ၌ တူတော်သူ ခုနစ်နှစ်ရွယ် နိဂြောဓသာမဏေကို အကြောင်းပြု၍ ဗုဒ္ဓဘာသာဝင် ဖြစ်လာပြီးလျှင် အဘိသိက်ခံပြီး ၂၉-နှစ် မြောက်တွင် အသျှင်မဟာမောဂ္ဂလိပုတ္တတိဿထံ ချဉ်းကပ်၍ မြတ်စွာဘုရား၏တရားတော်ကို သင်ကြားလေ့လာလျက် သံဃိုဏ်း၏ အဓိကရုဏ်းကို ငြိမ်းစေရလေသည်။

ဤစကားရပ်၌ပါဝင်သော အသျှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်၏ အကြောင်းကား သက်တော်ထင်ရှား မြတ်စွာဘုရားလက်ထက်တော် ဝိနယဓရ ဧတဒဂ်ရ အသျှင်ဥပါလိမထေရ် ၎င်း၏တပည့် အသျှင်ဒါသကမထေရ် ၎င်း၏တပည့် အသျှင်သောဏကမထေရ် ၎င်း၏တပည့် အသျှင်သိဂ္ဂဝမထေရ်ဖြစ်၍ အသျှင်သိဂ္ဂဝမထေရ်၏တပည့်မှာ အသျှင်မဟာမောဂ္ဂလိပုတ္တတိဿ ဖြစ်သဖြင့် အသျှင်ဥပါလိမှသော် ငါးဆက်မြောက်မထေရ်မြတ်ပင် ဖြစ်ပေ၏[၁]။

အသျှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည် ဝေသာလီပြည် မောဂ္ဂလိပုဏ္ဏား၏ သား တော်ဖြစ်၍ ခုနစ်နှစ်သားအရွယ်ကပင် ဝေဒကျမ်းတို့၌ ပွန်းတီးလိမ္မာခဲ့ပြီး ၎င်းခုနစ်နှစ်အရွယ်တွင် ပင် အသျှင်သိဂ္ဂဝမထေရ်မြတ်အထံ၌ ရှင်သာမဏေပြု၍ ဗုဒ္ဓပိဋကတော်များကို သင်ကြားခဲ့၏၊ ထိုနောက် အသျှင်သိဂ္ဂဝမထေရ်၏ စေလွှတ်ပို့ဆောင်ချက်အရ အသျှင်စဏ္ဍဝဇ္ဇိတ မထေရ်ထံသို့ ရောက်ရှိ၍ ပိဋကတော်များကို ဆက်လက်သင်ကြားခဲ့ပြီး ဆရာရှင်တို့ မျက်ကွယ်ပြုပြီးသည့် နောက်တွင်ကား အသျှင်မဟာမောဂ္ဂလိပုတ္တတိဿ ဟူသောအမည်ဖြင့် ထေရဝါဒ သံဃိုဏ်းကြီး၏ နာယကအဖြစ်သို့ ရောက်ရှိလာလေတော့၏။

ထိုအချိန်တွင် အသောကမင်းတရားကြီးသည် ဗုဒ္ဓသာသနာတော်မြတ်၏ ဥပါသကာ ဒါယကာ ဖြစ်၍ နေ့စဉ်နေ့ဟိုင်း ဘုရား တရား သံဃာနှင့် ဆရာဖြစ်သော နိဂြောဓသာမဏေ တို့အား တသိန်းစီနှင့် သံဃာတော်တို့၏ ဆေးဝါးပစ္စည်းအတွက် တသိန်းပါ ငါးသိန်းသော ဥစ္စာတို့ကို လှူဒါန်းမြဲဖြစ်သဖြင့် သံဃိုဏ်း တဆယ့်ရှစ်ဂိုဏ်း အဝင်အပါ ဗုဒ္ဓမြတ်စွာ၏ သာသနာကြီးသည် ပူဇော်သက္ကာရလာဘ်လာဘပေါ်များ၍ ထွန်းကားပွင့်လင်း နေပေတော့သည်။

အသောကမင်းတရားကြီးသည် ဖွားမြင်သည်မှစ၍ မင်းအဖြစ်သို့ရောက်သည့် တိုင်အောင် (မင်းဖြစ်၍ ရှစ်နှစ်တိုင်တိုင်လည်း) မျိုးရိုး စဉ်လာအတိုင်း ရှေးဖိုးတော် ခမည်းတော်တို့ကဲ့သို့ပင် နန်းတော်၌ ဗြာဟ္မဏဆရာနှင့် ဗြာဟ္မဏနွယ်ဝင် တိတ္ထိတက္ကတွန်းတို့အား နေ့စဉ်ဆွမ်းဝတ်ပြုကာ ကိုးကွယ်၍ နေခဲ့ပေသည်၊ သို့သော် နိဂြောဓသာမဏေကို အကြောင်းပြု၍ ဗုဒ္ဓသာသနာ၏ ဥပါသကာ ဒါယကာ ဖြစ်လာသောအခါ ဆိုခဲ့သော တိတ္ထိတက္ကတွန်းတို့သည် လာဘ်လာဘ ပါးရှား၍ စားဝတ်နေရေး ခက်ခဲလာရကား ဗုဒ္ဓသာသနာတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

၎င်းတို့ဗုဒ္ဓသာသနာတွင်းသို့ ဝင်ရောက်လာခြင်းမှာ သာသနာတော်အတွက် ကြီးစွာသော အန္တရာယ်ကြီးတရပ် ဖြစ်လာခဲ့ပေတော့၏၊ အဘယ်ကြောင့်ဆိုသော် သဒ္ဓါပဗ္ဗဇိတ အဖြစ်ဖြင့် ဝင်ရောက်လာကြသူများမဟုတ်ပဲ လာဘ်လာဘကိုငဲ့၍ ဝင်ရောက်ခဲ့ကြသူများ ဖြစ်သည်နှင့်အညီ လာဘ်လာဘ ပူဇော်သက္ကာရ ရရှိရန် ဟောပြောကြရာ၌ ၎င်းတို့၏ မူရင်းဖြစ်သော မိစ္ဆာဝါဒ

---

၁။ ဝိ-ဋ္ဌ-၁-၂၄

http://www.dhammadownload.com



တိတ္ထိမေ့တို့ကို ဗုဒ္ဓဝါဒအနေပြု၍ ဟောပြောကြသဖြင့် သာသနာတွင်းသို့ မိစ္ဆာဝါဒများ ထိုးဖောက်စွဲဝင်၍ လာကြသောကြောင့်ပင် ဖြစ်ပေသည်။

ထို့ကြောင့် တဆယ့်ရှစ်ဂိုဏ်းဝင် သံဃာတော်အရှင်တို့သည် အပြင်အပ မိစ္ဆာဝါဒများ ရောယှက် ဝင်စွဲလာသောအခါ လွန်စွာပြင်းပြ တုန်လှုပ်ကြကုန်လျက် ဝိနယကုက္ကုစ္စ ဖြစ်တော်မူကြပြီးလျှင် သံဃာ မသန့်စင်မှုကို အကြောင်းပြု၍ အချင်းချင်း ဥပုသ်ပဝါရဏာ ပြုဘော်မမူကြပဲ ခုနစ်နှစ် တိုင်တိုင် ရှောင်လွှဲ၍ ဆင်းရဲငြိုငြင်စွာ သီတင်းသုံးတော် မူကြရလေ၏။

ထိုစဉ်အခါ၌ သံဃထေရ်ဖြစ်တော်မူသော အသျှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည် ဖြစ်ပေါ်နေသော အဓိကရုဏ်းကို သုံးသပ်လျက် နောင်ရေးကို မြော်ကာ အသျှင်မဟိန္ဒမထေရ်အား သံဃာကိုအပ်နှင်း၍ ဂင်္ဂါမြစ်ညာ(အဟောဂင်္ဂါမည်သော တောင်)သို့ ကြွရောက် သီတင်းသုံးတော်မူနေလေသည်၊ ထို့ကြောင့် ဤတိတ္ထိအရေးပေါ်နေခိုက် အချိန်မှာ အသျှင်မဟိန္ဒမထေရ် နာယကဖြစ်နေခိုက် အချိန်ပင် ဖြစ်ပေသည်။

[အိန္ဒိယရာဇဝင်မှတ်တမ်းများအရ အသျှင်မဟိန္ဒသည် သာသနာ ၂၆၀(၂၈၄-ဘီစီ)တွင် ဖွားမြင်တော်မူကာ သာသနာ ၂၈၀(၂၆၄-ဘီစီ)တွင် ရဟန်းအဖြစ်သို့ရောက်၍ တတိယ သံဂါယနာတင်သောနှစ်မှာ သာသနာ ၃၀၄ (၂၄၀-ဘီစီ)နှစ်ဖြစ်သဖြင့် ထိုအချိန်တွင် အသျှင်မဟိန္ဒမထေရ်သည် သက်တော် ၄၀ ကျော် ဝါတော် ၂၀ ကျော်သို့ အရွယ်တော် ရောက်ရှိနေကြောင်းသိနိုင်၏၊ သို့သော် မဟာဝံသတွင်ကား အသျှင်မဟိန္ဒထေရ် သီဟိုဠ်ကျွန်းသို့ သာသနာပြုကြွသောအခါ၌ ၁၂-ဝါသာရှိသေးကြောင်း ဖော်ပြထား၏[၁]။]

ဤသို သာသနာတော်၏အရေးမှာ ရှုပ်ထွေးပွေလိမ်နေသည့်အတွင်း သာသနာ့ဒါယကာ အသောကမင်းတရားကြီးက ဖြေရှင်းရန် စေလွှတ်အပ်သော အမတ်၏ မလိမ္မာမှုကြောင့် ပိုမို အရှုပ်ဆိုးရသည့် အဖြစ်များပါကြုံ၍ လာရတော့သဖြင့် နောက်ဆုံးတွင် မင်းတရားကြီးသည် သာသနာတွင် ဖြစ်ပေါ်နေသော အဓိကရုဏ်းကို ဖြေရှင်းနိုင်မည့် သာသနာပြုပုဂ္ဂိုလ်ကို ရှာဖွေ ရတော့၏။

ထိုအခါ အားလုံးသော သံဃာတော်အရှင်တို့ကပင် ဂင်္ဂါမြစ်ညာ၌ သီတင်းသုံးနေတော်မူ သော အသျှင်မဟာမောဂ္ဂလိပုတ္တတိဿအား တညီတညွတ်တည်း ညွှန်ပြကြကုန်သဖြင့် မင်းကြီး သည် မထေရ်မြတ်အား သုံးကြိမ်တိုင်တိုင် အပင့်လွှတ်၍ ကြွတော်မူလာသောအခါ၌ ဖြစ်ပေါ်နေ သော အဓိကရုဏ်းကို ငြိမ်းအေးစေရန် လျှောက်ထား အပ်နှင်းလေသည်။

အသျှင်မဟာမောဂ္ဂလိပုတ္တတိဿသည် အသောကာရုံ ကျောင်းတော်သို့ မကြွသေးမူ၍ ဥယျာဉ်တော်၌ ခုနစ်ရက်တိုင်တိုင် သီတင်းသုံးကာ မင်းတရားကြီးအား အယူဝါဒတို့ကို သင်ကြား နားလည် စေလေသည်၊ ထိုနောက်မှ ကျောင်းတော်သို့ကြွကာ သံဃာအားလုံးကို စည်းဝေးစေ ပြီး တပါးစီ တင်းတိမ်အရံအတွင်းသို့ ဝင်စေ၍ ဗုဒ္ဓဝါဒကို မေးမြန်းတော်မူ၏။

“မြတ်စွာဘုရားသည် အဘယ်ဝါဒရှိသနည်း” ဟု မေးတော်မူလျှင် တိတ္ထိဘောင်မှလာသော ရဟန်းတို့သည် မိမိတို့သိထားသောအတိုင်း သဿတဝါဒီတို့က မြတ်စွာဘုရားသည် သဿတဝါဒီ ဖြစ်ပါသည်ဟု ဖြေကြပြီး ဧကစ္စသဿတအယူ, အန္တာနန္တိကအယူ, အမရာဝိက္ခေပိကအယူ, အဓိစ္စ

---

၁။ မဟာဝံသ-ထေရသမာဂမ-၁၂ဂါထာ။

http://www.dhammadownload.com



ပယ်ဖျက်ခြင်းငှါ အားထုတ်ကြောင်းစကား (၃) ဝိတဏ္ဍကထာ=အပြိုင်စကား, အဖျက်စကား, ဖိနှိပ်ကြောင်းစကားတို့ဖြင့် တဖက်ဝါဒကို ပယ်ဖျက်ခြင်းငှါသာ အားထုတ်ကြောင်းစကားဟူ၍ သုံးမျိုးရှိရာ ဤကထာဝတ္ထုလာ ကထာအရ ဝါဒကထာကိုသာလိုအပ်ကြောင်း ကထာဝတ္ထုအနုဋီကာ၌ ဆိုထားပေသည်။

တဖန် ဝတ္ထုဟူသောပုဒ်၏အဓိပ္ပါယ်မှာ တည်ရာ, ဖြစ်ရာဟူ၍ ယွက်လာနိုင်ရာ တည်ရာဟူသော အဓိပ္ပါယ်ကို ယူဆ၍ (၁) ပူဇော်ခြင်း၏တည်ရာဖြစ်သော ပူဇာဝတ္ထု (၂) ကျောင်း၏တည်ရာ ကုဋိဝတ္ထု (၃) အိမ်၏တည်ရာ ဃရဝတ္ထု (၄) စိတ်စေတသိက်တို့၏တည်ရာ ရုပ်ဝတ္ထုစသည်တို့ အပြင် ပြာကရိုက်အဘိဓာန်အလို ကျမ်းဂန်နှင့် ကျမ်းဂန်၏အပိုင်းကဏ္ဍတို့ကိုပါ ရနိုင်၏၊ ထိုမှတပါး သသံကရိုက်အဘိဓာန်တို့တွင် အဘိဓမ္မာသဘာဝ အနှစ်သာရစသည်တို့ကိုပါ ယင်းဝတ္ထုပုဒ်က ဟောနိုင်သေးကြောင်း အဆိုရှိပေသည်။

ထိုအဓိပ္ပါယ်တို့ကို စိစစ်၍ ကထာဝတ္ထု၏အဓိပ္ပါယ်ကို ဖော်ထုတ်လျှင်"မှန်ကန်သောအကြောင်း ယုတ္တိ အထောက်အကိုးတို့ဖြင့် မိမိဝါဒကို တည်စေကြောင်း,တဖက်ပါဒကို ပယ်ဖျက်ကြောင်းစကား တို့၏တည်ရာဖြစ်၍ အဘိဓမ္မာသဘာဝ အနှစ်သာရတို့နှင့် ပြည့်စုံသောကျမ်း"ဟု ဆိုလိုပေသည်။

ယင်းကထာဝတ္ထုသည် နိကာယ်အားလျော်စွာ သုတ်အားလျော်စွာ အနက်အဓိပ္ပါယ် အရ ကောက်ပုံ ယူဆပုံ ကွဲပြားနိုင်သေးသဖြင့် ဤ၌ အတန်ငယ် ဖိစစ်ရန် လိုပေလိမ့်ဦးမည်။

(၁) "ဣတိဟ ဘဂဝါ ဒီဃတပဿိံ နိဂဏ္ဌံ ဣမသ္မိံ ကထာဝတ္ထုသ္မိံ ယာဝတတိယကံ ပတိဋ္ဌာပေသိ"[၁] ဟူသော မဇ္ဈိမနိကာယ် ဥပါလိသုတ်လာ ကထာဝတ္ထုဟူသောပုဒ်၌ ကထာဝတ္ထု ဟူသောပုဒ်ကို "တတ္ထ ကထာဝတ္ထုသ္မိန္တိ ကထာယံ ကထာဝတ္ထု"[၂]ဟု အဋ္ဌကထာဖွင့်ပြထား သဖြင့် ကထာဝတ္ထုဟူသည်မှာ မဇ္ဈိမနိကာယ် ဥပါလိသုတ်အလို စကားသာမညအနက်ရပေသည်။

(၂) "ဒသယိမာနိ ဘိက္ခဝေ ကထာဝတ္ထူနိ။ကတမာနိ ဒသ အပ္ပိစ္ဆကထာ။ပ။ ဝိမုတ္တိဉာဏ ဒဿနကထာတိ ဣမာနိ ခေါ ဘိက္ခဝေ ဒသ ကထာဝတ္ထူနီ"[၃] ဟူသော အင်္ဂုတ္တရဒသကနိပါတ် လာ ကထာဝတ္ထုပုဒ်ကို အဋ္ဌကထာက အနက်အဟူး မဖွင့်သော်လည်း ကထာဝတ္ထုအရ အပ္ပိစ္ဆ ကထာစသော ကထာ ၁၀-မျိုးသာဖြစ်ကြောင်း ထင်ရှားပေသည်။

(၃) "ယံ ပုဂ္ဂလကထာဒီနံ၊ ကထာနံ ဝတ္ထုဘာဝတော။ ကထာဝတ္ထုပကရဏံ၊ သင်္ခေပေန အဒေသယိ"[၄] ဟူသော ကထာဝတ္ထုအဋ္ဌကထာ "ကထာနံ ဝတ္ထုဘာဝတောတိ ကထာသမုဒါယဿ ပကရဏဿ အတ္တနော ကေဒေသာနံ ဩကာသဘာဝံ ဝဒတိ"[၅] ဟူသော ကထာဝတ္ထု မူလဋီကာ တို့၏ဖွင့်ပြချက်အရ အဘိဓမ္မာလာ ကထာဝတ္ထုမှာ "ပုဂ္ဂလကထာစသော ကထာတို့၏တည်ရာ"ဟူ၍ အဓိပ္ပါယ်ရလျက် "အဘိဓမ္မာခုနစ်ကျမ်းတွင် ပဥ္စမမြောက်ကျမ်း"ဟူ၍ အရကောက်နိုင်ပေ၏။

ဤကထာဝတ္ထုကျမ်းသည် ဘုရားလက်ထက်တော်က သင်္ခေပအနေဖြင့် တည်ရှိခဲ့ပြီး ယင်း သင်္ခေပဖြစ်သော ကထာဝတ္ထုကျမ်းကိုပင် အဘိဓမ္မာကျမ်းတကျမ်း အနေဖြင့် ဘုရားတပည့်

၁။ မ-၂-၃-၃၆။ ၂။ မ ဋ္ဌ-၃-၃၇။ ၃။ အံ-၃-၃၅၉ ။ ၄။ အဘိ-ဋ္ဌ-၃-၁၁၁။ ၅။ မူလဋီ-၃-၄၇။

http://www.dhammadownload.com



သာဝက သာဝိကာတို့ လေ့လာတော်မူခဲ့ကြောင်း မဟာပညာတေဒဂ်ကော်ရ ခေမာထေရီ ဉဒါန်းကျူးအပ်သော အောက်ပါထေရီအပဒါန်လာ ဂါထာဖြင့် ထင်ရှားပေသည်။

"ကုသလာဟံ ဝိသုဒ္ဓီသု၊ ကထာဝတ္ထုဝိသာရဒါ။

အဘိဓမ္မနယညူ စ၊ ဝသိပ္ပတ္တာမိ သာသနေ"[၁]။

"ငါသည် ဝိသုဒ္ဓိတရားတို့၌ လိမ္မာသောသူဖြစ်ရပေ၏၊ ကထာဝတ္ထု(ကျမ်း)၌ ရဲရင့်သောသူဖြစ်ရပေ၏၊ အဘိဓမ္မာနယတို့၌ နားလည်သူဖြစ်ရပေ၏၊ သာသနာတော်၌ မဂ်ဖိုလ်ဉာဏ်ရောက် ဝသီဘော်မြောက်သူလည်း ဖြစ်ရပေ၏"

ထိုမှတပါး အပဒါန်ပါဠိတော် ဗုဒ္ဓဝဂ် ပုဏ္ဏမန္တာဏိပုတ္တထေရအပဒါန်၌—

"သံခိတ္တေနပိ ဒေသေမိ၊ ဝိတ္ထာရေန တထေဝ'ဟံ။

အဘိဓမ္မနယညူဟံ၊ ကထာဝတ္ထု ဝိသုဒ္ဓိယာ။

သဗ္ဗေသံ ဝိညာပေတွာန၊ ဝိဟရာမိ အနာသဝေါ"[၂]။

ဟူသောဂါထာ၏အဖွင့်အဋ္ဌကထာတွင် ကထာဝတ္ထုဝိသုဒ္ဓိယာပုဒ်ကို "ကထာဝတ္ထုဝိသုဒ္ဓိယာတိ ကထာဝတ္ထုပ္ပကရဏေ ဝိသုဒ္ဓိယာ ဆေကော"[၃]ဟု ကထာဝတ္ထုကျမ်းကို တိုက်ရိုက် ဖွင့်ဆိုထားသဖြင့် ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ်ကြီးများ ကထာဝတ္ထုကျမ်းကို လေ့လာတော်မူကြကြောင်း ပိုမိုထင်ရှားပြန်လေသည်။

သို့ဖြစ်ရကား- ဗုဒ္ဓဝါဒကို အပြည့်အစုံပြ၍ သာသနာပ အညတိတ္ထိယတို့၏ ဝါဒအမျိုးမျိုး မိစ္ဆာတရားဆိုးတို့ကို ဖျက်ချိုး သုတ်သင်ရာဖြစ်သော ဗုဒ္ဓရှင်တော်မြတ်ဘုရား ကိုယ်တော်တိုင် သခေ်ပဒေသနာ မာတိကာအနေဖြင့် ဟောခဲ့၍ သာဝက သာဝိကာ ရဟန္တာအရှင်မြတ်များပင် မပြတ်လေ့လာ သုံးသပ်ရာဖြစ်သော ပဋိသမ္ဘိဒါပတ္တ ဗုဒ္ဓသာဝက တတိယသံဂါယနာ သံဃနာယက အသျှင်မဟာမောဂ္ဂလိပုတ္တတိဿအရှင်မြတ် အကျယ် ဟောကြားတော်မူခဲ့သည့် ဤကထာဝတ္ထုကျမ်းသည် နက်ဝှမ်းပြင်ကျယ် ဗုဒ္ဓဝါဒတည်းဟူသော သမုဒ္ဒရာပင်လယ်တွင် ခန့်ထယ်သော သဘောကြီးသဖွယ် ဖြစ်သဖြင့် လွန်စွာအရေးကြီးလှသော ကျမ်းကြီးတကျမ်း ဖြစ်ပေသတည်း။

---

၁။ ခု-၄-၂၂၀။ ၂။ ခု-၃-၄၀။ ၃။ အပဒါန-ဋ္ဌ-၁-၃၀၀။

http://www.dhammadownload.com

## ကထာဝတ္ထုပါဠိတော် မြန်မာပြန်

## ပုဂ္ဂလကထာ၌

## ရှေးဦးစွာ သိမှတ်ရန်

ဤကထာဝတ္ထုကျမ်းလာ အနက်အဓိပ္ပါယ်တို့ကို ဟောလိုရင်းအတိုင်း သိမြင်လိုသူတို့သည် အောက်ဖော်ပြပါ ပုဒ်တို့၏ အဓိပ္ပါယ်နှင့်တကွ ဆိုလိုရင်းအာဘော်တို့ကို မှတ်သားထားရန်လို၏။

ထိုပုဒ်တို့ကား—

(၁) ပုဂ္ဂလ (၂) သစ္စိကဋ္ဌ ပရမတ္ထ (၃) သကဝါဒီနှင့် ပရဝါဒီ (၄) ထိုသကဝါဒီပရဝါဒီတို့၏ ဆိုလိုရင်းအာဘော် ဤလေးချက်တို့တည်း။

၁။ **ပုဂ္ဂလ၊** ဤပုဂ္ဂလသဒ္ဒါသည် ဥပါဒါပညတ်ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါဟူသော အနက်ကို လည်း ဟောနိုင်သည်၊ သာသနာပ အညတိတ္ထိယတို့ ကြံဆ၍ ယူအပ်သော အတ္တဇီဝဟူသော အနက်ကိုလည်း ဟောနိုင်သည်၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝ ဤအမည်လေးခုတို့သည် အနက်အဓိပ္ပါယ် တူမျှကြကုန်၏၊ ထို့ကြောင့် ပုဂ္ဂိုလ်ဟူ၍ ဆိုလိုက်လျှင် ဥပါဒါပညတ် သမ္မုတိသစ္စာဖြစ်သော ပုဂ္ဂိုလ် သတ္တဝါဟူသော အနက်အဓိပ္ပါယ်ကိုလည်း ယူနိုင်ကြကုန်၏၊ သာသနာ့ပြင်ပ အညတိတ္ထိယတို့ ကြံဆ ဟောပြောသော အတ္တ ဇီဝ ဟူသော အနက်အဓိပ္ပါယ်ကိုလည်း ယူနိုင်ကြကုန်၏။

၂။ **သစ္စိကဋ္ဌ-ပရမတ္ထ၊** သစ္စိကဋ္ဌ၊ မှန်သောသဘော။ ပရမတ္ထ၊ မြတ်သောသဘော။ သစ္စာသည် သမ္မုတိသစ္စာ ပရမတ္ထသစ္စာ အရိယသစ္စာ ဟူ၍ သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတို့တွင် ထိုထိုသုတ္တန် ဒေသနာတော်တို့၌ စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ စသည်ဖြင့် မြတ်စွာဘုရား ဟောကြားအပ်သော ဒေသနာသည် သမ္မုတိသစ္စာမည်၏။

အဘိဓမ္မာဒေသနာလာ ရုပ်ဝေဒနာစသော တရားအပေါင်းကား ပရမတ္ထသစ္စာမည်၏။

သစ္စာလေးပါးတရားကား အရိယသစ္စာမည်၏၊ အရိယာပုဂ္ဂိုလ်တို့၏သစ္စာ အမှန်တရားဟု ဆိုလိုသည်၊ ဤပုဂ္ဂလကထာ၌ အရိယသစ္စာကို မဆိုလိုပေ၊ သစ္စိကဋ္ဌ ပရမတ္ထ 'မှန်သောသဘော မြတ်သောသဘော'ဟု ဆိုသောစကားအရ သမ္မုတိသစ္စာကိုလည်း ယူနိုင်သည်၊ ပရမတ္ထသစ္စာကိုလည်း ယူနိုင်၏။

၃။ **သကဝါဒီနှင့် ပရဝါဒီ၊** အမှန်ကိုသာယူ၍ အမှန်ကိုသာ ပြောဆိုလေ့ရှိသော ဆရာကို သကဝါဒီဆရာဟု ခေါ် ဆိုရသည်၊ အမှန်ကို မယူနိုင်မူ၍ အမှားကိုသာ ယူဆပြောဆိုသော ဆရာကို ပရဝါဒီ ဆရာဟု ခေါ် ဆိုရသည်။

http://www.dhammadownload.com



သကဝါဒီဆရာ၏ အယူအဆ အပြောအဆို အမိန့်စကားကိုသာ အမှန်သဘောတရားဟု အသိအမှတ်ပြု၍ ပရဝါဒီဆရာ၏ အယူအဆ အပြောအဆို အမိန့်စကားကိုမူ အမှန်ဟု မယူဆပဲ စွန့်လွှတ်ရမည်။

၄။ သကဝါဒီနှင့် ပရဝါဒီတို့၏ အာဘော် —

(က) သကဝါဒီဆရာတို့သည် ပုဂ္ဂိုလ်အရ သမ္မုတိသစ္စာ ဥပါဒါပညတ်ဖြစ်သော ပုဂ္ဂိုလ်ဟူ၍သာ လက်ခံနိုင်ကြကုန်၏၊ ပရဝါဒီဆရာတို့ကမူ ပုဂ္ဂိုလ်အရ သာသနာပြင်ပ အညတိတ္ထိယတို့ ပြောဆိုကြံဆအပ်သော အတ္တ ဇီဝဖြစ်ကောင်းသော ပုဂ္ဂိုလ်ဟု စွဲမြဲယူဆထားကြကုန်၏။

(ခ) သစ္စိကဋ္ဌ ပရမတ္ထ၊ 'မှန်သောသဘော မြတ်သောသဘော' ဟူရာ၌ သကဝါဒီဆရာတို့သည် သမ္မုတိသစ္စာဖြစ်ကောင်းသော သစ္စိကဋ္ဌ ပရမတ္ထကို မတားမြစ်ကြသော်လည်း ခန္ဓာငါးပါး အာယတန ၁၂-ပါး ဓာတ် ၁၈-ပါး ဣန္ဒြေ-၂၂-ပါးဟူသော ဤ၅၇-ပါးသော တရားတို့၏ ရုပ္ပန ဝေဒယိတ စသောသဘော သပစ္စယစသော ပရမတ္ထသစ္စာ အမှန်သဘောကိုသာ သစ္စိကဋ္ဌ ပရမတ္ထ 'မှန်သော သဘော မြတ်သောသဘော'ဟူ၍ လက်ခံသိမ်းပိုက်တော်မူကြကုန်၏။ ထို့ကြောင့် သကဝါဒီဆရာတို့က သစ္စိကဋ္ဌ ပရမတ္ထ၊ 'မှန်သောသဘော မြတ်သောသဘော' ဟုဆိုလျှင် ရုပ်ဝေဒနာစသော ၅၇-ပါးသော တရားတို့၏ပရမတ္ထသဘောကိုသာ ရည်ရွယ်မိန့်ဆိုကြသည်ဟု မှတ်လေ။

ပရဝါဒီဆရာတို့ကား သကဝါဒီဆရာတို့ကဲ့သို့ ပုဂ္ဂိုလ်အရကို သမ္မုတိသစ္စာ ဥပါဒါပညတ်မျှသာဟု မယူဆပဲ မူလစွဲလမ်းရင်း အတ္တဇီဝပုဂ္ဂိုလ်ဟူ၍ လက်ခံသိမ်းပိုက်ထားပြီးလျှင် မိမိတို့ စွဲလမ်းယူဆထားသော အတ္တဇီဝ ပုဂ္ဂိုလ်သည်လည်း သစ္စိကဋ္ဌ ပရမတ္ထ 'မှန်သောသဘော မြတ်သောသဘော' ရှိသည်သာတည်းဟု စွဲမြဲယူဆထားကြကုန်၏၊ အဘယ့်ကြောင့်ဆိုသော် အမှန်ကိုသာ ဟောတော်မူလေ့ရှိသော သစ္စဝါဒီ မြတ်စွာဘုရားသည် သုတပါးထဲမှ တဆင့်ကြားမဟုတ်ပဲ နတ်နှင့်တကွသော လောကကို ကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့် သိတော်မူပြီးလျှင် မျက်မှောက်ပြု၍ "အတ္ထိ ပုဂ္ဂလော အတ္တဟိတာယ ပဋိပန္နော" ဟု ဟောထားတော်မူသောကြောင့်ပင်တည်း။ ထို့ကြောင့် ပရဝါဒီဆရာတို့က သစ္စိကဋ္ဌ ပရမတ္ထ-မှန်သောသဘော မြတ်သောသဘော ဆိုကြလျှင် ပရမတ္ထသစ္စာသဘောဟု မယူပဲ သမ္မုတိသစ္စာကိုသာ ရည်ရွယ်၍ ဆိုကြသည်ဟု မှတ်ယူရမည်။

http://www.dhammadownload.com



### တုံ့ပြန်ဖိနှိပ်ပုံ

အရှင်သကဝါဒီ ကိုယ်ဟူ၍ငင်း သရီရဟူ၍ငင်း သရီရဟူ၍ငင်း ကိုယ်ဟူ၍ငင်း ကိုယ်ကို မခွဲဝေ အပ်သည်ကိုပြု၍ ဤကိုယ်သည် ဤသရီရပင် ဤသရီရသည် ဤကိုယ်ပင် ဖြစ်ခဲ့မူ ကိုယ်နှင့်သရီရ သရီရနှင့် ကိုယ်သည် တူသော အနက်ရှိခဲ့မူ တူခဲ့မူ တူသောအဘိုရှိခဲ့မူ ထိုကိုယ်ကြောင့် သရီရ ထိုသရီရကြောင့် ကိုယ်ဖြစ်ခဲ့မူ မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်ခဲ့မူ ထိုအကြောင်းကြောင့် ကိုယ်သည် (ပုဂ္ဂိုလ်မှ) တမျိုးတခြား ပုဂ္ဂိုလ်သည် (ကိုယ်မှ) တမျိုးတခြားဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ ကိုယ်ဟူ၍ငင်း သရီရဟူ၍ငင်း သရီရဟူ၍ငင်း ကိုယ်ဟူ၍ငင်း ကိုယ်ကို မခွဲခြား အပ်သည်ကိုပြု၍ ဤကိုယ်သည် ဤသရီရပင် ဤသရီရသည် ဤကိုယ်ပင်ဖြစ်၏၊ ကိုယ်နှင့်သရီရ သရီရနှင့် ကိုယ်သည် တူသော အနက်ရှိ၏၊ တူ၏၊ တူသောအဘိုရှိ၏၊ ထိုကိုယ်ကြောင့် သရီရ ထို သရီရကြောင့် ကိုယ်ဖြစ်၏ဟူ၍ငင်း၊ မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်၏ဟူ၍ငင်း သင်ဆိုခဲ့သည်သာတည်း၊ ဒုတိယပုစ္ဆာ၌မူ ကိုယ်သည် (ပုဂ္ဂိုလ်မှ) တမျိုး တခြား ပုဂ္ဂိုလ်သည် (ကိုယ်မှ) တမျိုးတခြားဟူ၍ကား သင်မဆိုခဲ့၊ (ဤသို့ ရှေ့နောက် မညီညွတ် သော) အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သော စကားသည် မှားသောစကားသာတည်း။

အရှင်သကဝါဒီ ကိုယ်သည်(ပုဂ္ဂိုလ်မှ) တမျိုးတခြား ပုဂ္ဂိုလ်သည် (ကိုယ်မှ) တမျိုးတခြားဟု သင်မဆိုခဲ့မူ ကိုယ်ဟူ၍ငင်း သရီရဟူ၍ငင်း သရီရဟူ၍ငင်း ကိုယ်ဟူ၍ငင်း ကိုယ်ကို မခွဲခြားအပ် သည်ကို ပြု၍ ဤကိုယ်သည် ဤသရီရပင် ဤသရီရသည် ဤကိုယ်ပင်ဖြစ်၏၊ကိုယ်နှင့်သရီရ သရီရနှင့် ကိုယ်သည် တူသောအနက်ရှိ၏၊ တူ၏၊ တူသောအဘိုရှိ၏၊ ထိုကိုယ်ကြောင့် သရီရ ထိုသရီရကြောင့် ကိုယ်ဖြစ်၏ဟူ၍ငင်း၊ မိမိစီးပွါးအတွက် ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်၏ ဟူ၍ငင်း သင်ဆိုခဲ့သည်သာတည်း၊ ထိုပဌမပုစ္ဆာ၌ ကိုယ်ဟူ၍ငင်း သရီရဟူ၍ငင်း သရီရဟူ၍ငင်း ကိုယ်ဟူ၍ငင်း ကိုယ်ကို မခွဲခြားအပ်သည်ကိုပြု၍ ဤကိုယ်သည် ဤသရီရပင် ဤသရီရသည် ဤ ကိုယ်ပင်ဖြစ်၏၊ ဤကိုယ်နှင့် သရီရ သရီရနှင့် ကိုယ်သည် တူသောအနက်ရှိ၏၊ တူ၏၊တူသောအဘို ရှိ၏၊ ထိုကိုယ်ကြောင့် သရီရ ထိုသရီရကြောင့် ကိုယ်ဖြစ်၏ဟူ၍ငင်း၊ မိမိစီးပွါးအတွက် ကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု မြတ်စွာဘုရား ဟောအပ်၏ဟူ၍ငင်း ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ ကိုယ်သည် (ပုဂ္ဂိုလ်မှ) တမျိုးတခြား ပုဂ္ဂိုလ်သည် (ကိုယ်မှ) တမျိုးတခြားဟူ၍ကား သင်မဆို ခဲ့ပေ၊ (ဤသို့ ရှေ့နောက်မညီညွတ်သော) အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကားသာတည်း။ [အကျဉ်းချုံးထား၏။]

ပညတ္တာနုယောဂ ပြီး၏။

---

### ၁၁-ဂတိအနုယောဂ

၆၉။ သကဝါဒီ။ ။ပုဂ္ဂိုလ်သည် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤ လောကသို့ ကျင်လည်(သွားလာ)ပါသလော။

ပရဝါဒီ။ ။ဩော် ကျင်လည်သွားလာပါ၏။

သကဝါဒီ။ ။ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည်(သွားလာ)ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၁]

၇၇။ သကဝါဒီ။ ။ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည်(သွားလာ)ပါသလော။

ပရဝါဒီ။ ။ဩော် ကျင်လည် (သွားလာ)ပါ၏။

သကဝါဒီ။ ။လူဖြစ်ပြီးနောက် နတ်ဖြစ်သော တစုံတယောက်သော ပုဂ္ဂိုလ်ရှိသလော။

ပရဝါဒီ။ ။ဩော် ရှိပါ၏[၂]။

သကဝါဒီ။ ။ထိုသူသည်ပင် ထိုနတ်ဖြစ်သလော။

ပရဝါဒီ။ ။ထိုသို့ကား မဆိုသင့်ပါ။ပ။[၃]

၇၈။ သကဝါဒီ။ ။ထိုသူသည်ပင် ထိုနတ်ဖြစ်သလော။

ပရဝါဒီ။ ။ဩော် ဖြစ်ပါ၏[၄]။

သကဝါဒီ။ ။လူဖြစ်ပြီး၍ နတ်ဖြစ်၏ နတ်ဖြစ်ပြီး၍ လူဖြစ်၏၊ လူသည် (နတ်မှ)တမျိုးတခြား နတ်သည် (လူမှ) တမျိုးတခြားတည်း၊ လူဖြစ်သော ထိုသတ္တဝါသည်ပင် ကျင်လည်(သွားလာ)၏ဟူသော (သင်ပရဝါဒီ၏)စကားသည် မှားသောစကားသာတည်း။ပ။

ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ စုတေ၍ အခြားလောကသို့ ကျင်လည် (သွားလာ)ခဲ့ပါမူ အခြားသော ပုဂ္ဂိုလ်မဟုတ်တော့ပေ၊ ဤသို့ အခြားသောပုဂ္ဂိုလ်မဟုတ်ခဲ့သော် သေခြင်းမည်သည် မဖြစ်လတ္တံ့၊ အသက်သတ်ခြင်းကိုလည်း မရနိုင် တော့ပေ၊ (ကုသိုလ် အကုသိုလ်) ကံသည် ရှိ၏၊ ကံ၏အကျိုးသည် ရှိ၏၊ ပြုအပ်သော ကံတို့၏ အကျိုးသည် ရှိ၏၊ ကုသိုလ် အကုသိုလ်သည် အကျိုးပေးလတ်သော် ထိုပုဂ္ဂိုလ်သည်ပင် ကျင်လည် (သွားလာ)၏ဟူသော (သင်ပရဝါဒီ၏) စကားသည် မှားသောစကားသာတည်း[၅]။

---

၁။ ဤလောကမှ အခြားလောကသို့ ပြေးသွားသော ထိုပုဂ္ဂိုလ်သည် ဤလောက၌ရင်း အခြားလောက၌ရင်း တယောက်တည်းပင် ဖြစ်သလောဟူသော အလိုဖြင့် သကဝါဒီက မေးရကား သဿတဒိဋ္ဌိမှ မလွတ်နိုင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၂။ သကဝါဒီက မြဲမြံသည်ကိုပြု၍ တဖန်နောက်ထပ် မေးမြန်းလတ်သော် ထိုပြေးသွားသော သူသည် ပုဂ္ဂိုလ်သာ ဖြစ်ခဲ့၏၊ အခြားတပါးသော အဖြစ်မရှိ၊ "သော တတော စုတော ဣဓူပပန္နော" အစရှိသော သုတ်သည်လည်း ရှိခဲ့၏ဟု နှလုံးသွင်းမိသောကြောင့် ပရဝါဒီက ဝန်ခံပြန်သည်။

၃။ ထိုသူသည်ပင် ထိုနတ်ဖြစ်သလောဟု မေးမြန်းရာ၌မူ လူဖြစ်သော ပုဂ္ဂိုလ်၏ နတ်အဖြစ် မရှိနိုင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေပြန်သည်။

၄။ "အဟံ တေန သမယေန သုနေတ္တော နာမ သတ္ထာ အဟောသိ" အစရှိသော သုတ္တန်တို့ကို နှလုံးသွင်း၍ ပရဝါဒီက ဝန်ခံ၏။

၅။ နတ်ဘဝ လူဘဝတို့၏ မဘူ ထူးခြားသည်၏အဖြစ်ကြောင့် ပရဝါဒီစကား မှားသည်ဟု သကဝါဒီက ပြဆိုခြင်းဖြစ်သည်။

http://www.dhammadownload.com



၇၉။ သကဝါဒီ။ ။ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည်(သွားလာ)ပါသလော။

ပရဝါဒီ။ ။ကြောင်း ကျင်လည် (သွားလာ)ပါ၏။

သကဝါဒီ။ ။လူဖြစ်ပြီး၍ ဘီလူးဖြစ်သော တစုံတယောက်သော ပုဂ္ဂိုလ်ရှိသလော၊ ပြိတ္တာဖြစ်သော၊ ငရဲသားဖြစ်သော၊ တိရစ္ဆာန်ဖြစ်သော၊ ကုလားအုပ်ဖြစ်သော၊ နွားဖြစ်သော၊ မြည်းဖြစ်သော၊ ဝက်ဖြစ်သော၊ ကျွဲဖြစ်သော တစုံတယောက်သော ပုဂ္ဂိုလ်သည် ရှိသလော။

ပရဝါဒီ။ ။ကြောင်း ရှိပါ၏။

သကဝါဒီ။ ။ထိုလူသည်ပင် ထိုကျွဲဖြစ်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၈၀။ သကဝါဒီ။ ။ထိုလူသည်ပင် ထိုကျွဲဖြစ်သလော။

ပရဝါဒီ။ ။ကြောင်း ဖြစ်ပါ၏။

သကဝါဒီ။ ။လူဖြစ်ပြီး၍ ကျွဲဖြစ်၏၊ ကျွဲဖြစ်ပြီး၍ လူဖြစ်၏၊ လူသည် (ကျွဲမှ)တမျိုးတခြား ကျွဲသည်(လူမှ) တမျိုးတခြားတည်း၊ လူဖြစ်သော ထိုပုဂ္ဂိုလ်သည်ပင် ကျင်လည် (သွားလာ)၏ ဟူသော (သင်ပရဝါဒီ၏)စကားသည် မှားသောစကားသာတည်း။ပ။

ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ စုတေ၍ အခြားလောကသို့ ကျင်လည်(သွားလာ)ခဲ့ပါမူ အခြားသောပုဂ္ဂိုလ်မဟုတ်တော့ပေ၊ ဤသို့ အခြားသော ပုဂ္ဂိုလ် မဟုတ်ခဲ့သော် သေခြင်းမည်သည် မဖြစ်လတ္တံ့၊ အသက် သတ်ခြင်းကို မရနိုင်တော့ပေ၊ (ကုသိုလ် အကုသိုလ်)ကံ၏ အကျိုးသည် ရှိ၏၊ ကံ၏အကျိုး သည် ရှိ၏၊ ပြုအပ်သော ကံတို့၏ အကျိုးသည် ရှိ၏၊ ကုသိုလ် အကုသိုလ်သည် အကျိုး ပေးလတ်သော် ထိုပုဂ္ဂိုလ်သည်ပင် ကျင်လည် (သွားလာ)၏ဟူသော (သင်ပရဝါဒီ၏)စကားသည် မှားသောစကားသာတည်း။

၈၁။ သကဝါဒီ။ ။ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည် (သွားလာ)ပါသလော။

ပရဝါဒီ။ ။ကြောင်း ကျင်လည် (သွားလာ)ပါ၏။

သကဝါဒီ။ ။မင်းဖြစ်ပြီး၍ ပုက္ကုသားဖြစ်သော တစုံတယောက်သော ပုဂ္ဂိုလ်သည် ရှိသလော။

ပရဝါဒီ။ ။ကြောင်း ရှိပါ၏။

သကဝါဒီ။ ။ထိုမင်းသည်ပင် ထိုပုက္ကုသား ဖြစ်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ ပ။

၈၂။ သကဝါဒီ။ ။မင်းဖြစ်ပြီး၍ ကုန်သည်ဖြစ်သော၊ သူဆင်းရဲဖြစ်သော၊ တစုံတယောက် သောပုဂ္ဂိုလ်သည် ရှိသလော။

ပရဝါဒီ။ ။ကြောင်း ရှိပါ၏။

သကဝါဒီ။ ။ထိုမင်းသည်ပင် ထိုသူဆင်းရဲဖြစ်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

http://www.dhammadownload.com



၇၃။ သကဝါဒီ။ ။ပုဏ္ဏားဖြစ်ပြီး၍ ကုန်သည်ဖြစ်သော၊ သူဆင်းရဲဖြစ်သော၊ မင်းဖြစ်သော တစုံတယောက်သော ပုဂ္ဂိုလ်သည် ရှိသလော။

ပရဝါဒီ။ ။ဩော် ရှိပါ၏။

သကဝါဒီ။ ။ထိုပုဏ္ဏားသည်ပင် ထိုမင်းဖြစ်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၇၄။ ။သကဝါဒီ။ ။ကုန်သည်ဖြစ်ပြီး၍ သူဆင်းရဲဖြစ်သော၊ မင်းဖြစ်သော၊ ပုဏ္ဏားဖြစ်သော တစုံတယောက်သော ပုဂ္ဂိုလ်သည် ရှိသလော။

ပရဝါဒီ။ ။ဩော် ရှိပါ၏။

သကဝါဒီ။ ။ထိုကုန်သည်သည်ပင် ထိုပုဏ္ဏားဖြစ်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၇၅။ သကဝါဒီ။ ။သူဆင်းရဲဖြစ်ပြီး၍ မင်းဖြစ်သော၊ပုဏ္ဏားဖြစ်သော၊ ကုန်သည်ဖြစ်သော တစုံတယောက်သော ပုဂ္ဂိုလ်သည် ရှိသလော။

ပရဝါဒီ။ ။ဩော် ရှိပါ၏။

သကဝါဒီ။ ။ထိုသူဆင်းရဲသည်ပင် ထိုကုန်သည် ဖြစ်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၇၆။ သကဝါဒီ။ ။ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည် (သွားလာ)ပါသလော။

ပရဝါဒီ။ ။ဩော် ကျင်လည်(သွားလာ)ပါ၏။

သကဝါဒီ။ ။လက်ပြတ်သူသည် လက်ပြတ်သူပင် ဖြစ်သလော၊ ခြေပြတ်သူသည် ခြေပြတ်သူပင် ဖြစ်သလော၊ လက်ခြေပြတ်သူသည် လက်ခြေပြတ်သူပင် ဖြစ်သလော၊ နားပြတ်သူသည်၊ နှာခေါင်းပြတ်သူသည်၊ နားနှာခေါင်းပြတ်သူသည်၊ ခြေချောင်း လက်ချောင်း ပြတ်သူသည်၊ ခြေမ လက်မ ပြတ်သူသည်၊ အကြောမ ပြတ်သူသည်၊ လက်ကောက်သူသည်၊ ခြေချောင်း လက်ချောင်းပူးသူသည်၊ နူနာရှိသူသည်၊ ထွက်အိုင်းနာရှိသူသည်၊ ပွေးညှင်း တင်းတိပ်နာ ရှိသူသည်၊ ခယရုပ် (ချောင်းဆိုး)နာရှိသူသည်၊ ဝက်ရူးနာရှိသူသည်၊ကုလားအုတ်သည်၊ နွားသည်၊ မြည်းသည် ဝက်သည်၊ ကျွဲသည် ကျွဲပင် ဖြစ်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၇၇။ ပရဝါဒီ။ ။"ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည်(သွားလာ)၏"ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ဩော် မဆိုသင့်ပါ[၁]။

---

၁။ လောကနှစ်ခု တည်နေသူအား ပဉ္စသန္ဓေ၏ အစွမ်းဖြင့် အခြားလောကသို့ သွားခြင်းမရှိနိုင်သောကြောင့် သကဝါဒီက ဝန်ခံသည်။

http://www.dhammadownload.com



ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၁]

သကဝါဒီ။ ။ရုပ်မရှိမူ၍ ကျင်လည်(သွားလာ)ပါသလော။

ပရဝါဒီ။ ။ဩော် ကျင်လည်(သွားလာ)ပါ၏[၂]။

သကဝါဒီ။ ။ဇီဝသည်(သရီရမှ) တမျိုးတခြားလော၊ သရီရသည် (ဇီဝမှ)တမျိုးတခြားလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ဝေဒနာမရှိမူ၍။ပ။ သညာမရှိမူ၍။ပ။ သင်္ခါရတို့မရှိမူ၍။ပ။ ဝိညာဏ်မရှိမူ၍ ကျင်လည်(သွားလာ)ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ဝိညာဏ်မရှိမူ၍ ကျင်လည်(သွားလာ)ပါသလော။

ပရဝါဒီ။ ။ဩော် ကျင်လည် (သွားလာ)ပါ၏[၄]။

သကဝါဒီ။ ။ဇီဝသည် (သရီရမှ) တမျိုးတခြားလော၊ သရီရသည် (ဇီဝမှ) တမျိုးတခြားလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၉၃။ သကဝါဒီ။ ။ထိုပုဂ္ဂိုလ်သည်ပင် ဤလောကမှ အခြားလောကသို့ အခြားလောကမှ ဤလောကသို့ ကျင်လည် (သွားလာ)ပါသလော။

ပရဝါဒီ။ ။ဩော် ကျင်လည်(သွားလာ)ပါ၏။

သကဝါဒီ။ ။ရုပ်သည် ကျင်လည် (သွားလာ)ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

သကဝါဒီ။ ။ရုပ်သည် ကျင်လည်(သွားလာ)ပါသလော။

ပရဝါဒီ။ ။ဩော် ကျင်လည်(သွားလာ)ပါ၏။

သကဝါဒီ။ ။ထိုဇီဝသည်ပင် ထို(သရီရ)ဖြစ်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ဝေဒနာသည်။ပ။ သညာသည်။ပ။ သင်္ခါရတို့သည်။ပ။ ဝိညာဏ်သည် ကျင်လည် (သွားလာ)ပါသလော။

---

၁။ အန္တရာဘဝကို ရည်ရွယ်၍ ပဋိက္ခေပပြုလျက် ဖြေသည်။

၂။ အရူပဘုံမှ စုတေ၍ အရူပဘုံ၌ဖြစ်သူကို ရည်ရွယ်လျက် ပရဝါဒီကဝန်ခံသည်။

၃။ သညီဘဝကို ရည်ရွယ်၍ ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၄။ အသညီဘဝကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံသည်။

၅။ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ-ဟူ၍ သတ္တဝါတို့၏သာ ကျင်လည်ခြင်းကို ဟောတော်မူသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ဖြေသည်၊ တဖန် နောက်ထပ်မေးမြန်းလတ်သော် ရုပ်နှင့်ကင်း၍ ပုဂ္ဂိုလ်မရှိနိုင်သောကြောင့် ပုဂ္ဂိုလ်ကျင်လည်သည်ရှိသော် ရုပ်သည်လည်း ကျင်လည်တော့သည်သာ-ဟု နှ(ုး)ယူ၍ ပရဝါဒီက ဝန်ခံပြန်၏၊ ဝေဒနာ စသည်တို့၌လည်း ဤနည်းအတိုင်းပင်တည်း။

http://www.dhammadownload.com



သကဝါဒီ။ ။ခေတ် ၁၈-ပါးတို့ကို စွဲ၍ ပုဂ္ဂိုလ်၁၈-ယောက်တို့ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၁၀။ သကဝါဒီ။ ။စက္ခုန္ဒြေကို စွဲ၍၊ သောတိန္ဒြေကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ခြေဉ် ပညတ်ပါ၏။

သကဝါဒီ။ ။ဣန္ဒြေ၂၂-ပါးတို့ကို စွဲ၍ ပုဂ္ဂိုလ်၂၂-ယောက်တို့ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။စက္ခုန္ဒြေကို စွဲ၍၊ သောတိန္ဒြေကို စွဲ၍။ပ။ အညာတာဝိန္ဒြေကိုစွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ခြေဉ် ပညတ်ပါ၏။

သကဝါဒီ။ ။ဣန္ဒြေ ၂၂-ပါးတို့ကို စွဲ၍ ပုဂ္ဂိုလ် ၂၂-ယောက်တို့ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၁၁။ သကဝါဒီ။ ။ဧကဝေါကာရဘဝကို စွဲ၍ ပုဂ္ဂိုလ်တယောက်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ခြေဉ် ပညတ်ပါ၏။

သကဝါဒီ။ ။စတုဝေါကာရဘဝကို စွဲ၍ ပုဂ္ဂိုလ် ၄-ယောက်တို့ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ဧကဝေါကာရဘဝကို စွဲ၍ ပုဂ္ဂိုလ်တယောက်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ခြေဉ် ပညတ်ပါ၏။

သကဝါဒီ။ ။ပဉ္စဝေါကာရဘဝကို စွဲ၍ ပုဂ္ဂိုလ်၅-ယောက်တို့ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ဧကဝေါကာရဘဝ၌ ပုဂ္ဂိုလ်တယောက်သာ ရှိပါသလော။

ပရဝါဒီ။ ။ခြေဉ် တယောက်သာ ရှိပါ၏။

သကဝါဒီ။ ။စတုဝေါကာရဘဝ၌ ပုဂ္ဂိုလ်လေးယောက်တို့ ရှိကုန်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ဧကဝေါကာရဘဝ၌ ပုဂ္ဂိုလ်တယောက်သာ ရှိပါသလော။

ပရဝါဒီ။ ။ခြေဉ် တယောက် သာ ရှိပါ၏။

သကဝါဒီ။ ။ပဉ္စဝေါကာရဘဝ၌ ပုဂ္ဂိုလ် ၅-ယောက်တို့ ရှိကုန်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၁၂။ သကဝါဒီ။ ။သစ်ပင်ကိုစွဲ၍ အရိပ်ကို ပညာတ်သကဲ့သို့ ဣဿတူ ရုပ်ကိုစွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ခြေဉ် ပညတ်ပါ၏။

http://www.dhammadownload.com



သကဝါဒီ။ ။သစ်ပင်ကို စွဲ၍ အရိပ်ကို ပညတ်သည်ဖြစ်ရကား သစ်ပင်သည်လည်းမမြဲ၊ အရိပ်သည်လည်း မမြဲသကဲ့သို့ ဤအတူ ရုပ်ကိုစွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ရကား ရုပ်သည်လည်း မမြဲ၊ ပုဂ္ဂိုလ်သည်လည်း မမြဲသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။ [၁]

သကဝါဒီ။ ။သစ်ပင်ကိုစွဲ၍ အရိပ်ကို ပညတ်ရကား သစ်ပင်သည် (အရိပ်မှ) တမျိုးတခြား အရိပ်သည် (သစ်ပင်မှ) တမျိုးတခြား ဖြစ်သကဲ့သို့ ဤအတူ ရုပ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ရကား ရုပ်သည်(ပုဂ္ဂိုလ်မှ)တမျိုးတခြား ပုဂ္ဂိုလ်သည်(ရုပ်မှ)တမျိုးတခြားဖြစ်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၁၃။ သကဝါဒီ။ ။ရွာကိုစွဲ၍ ရွာသူ ရွာသားကို ပညတ်သကဲ့သို့ ဤအတူ ရုပ်ကိုစွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ။ဩော် ပညတ်ပါ၏။

သကဝါဒီ။ ။ရွာကိုစွဲ၍ ရွာသူ ရွာသားကို ပညတ်ရကား ရွာသည် (ရွာသူရွာသားမှ) တမျိုးတခြား ရွာသူရွာသားသည်(ရွာမှ)တမျိုးတခြား ဖြစ်သကဲ့သို့ ဤအတူ ရုပ်ကိုစွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ရကား ရုပ်သည် (ပုဂ္ဂိုလ်မှ) တမျိုးတခြား ပုဂ္ဂိုလ်သည် (ရုပ်မှ)တမျိုးတခြား ဖြစ်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၁၄။ သကဝါဒီ။ ။တိုင်းပြည်ကိုစွဲ၍ မင်းကို ပညတ်သကဲ့သို့ ဤအတူ ရုပ်ကိုစွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ပါသလော။

ပရဝါဒီ။ ဩော် ပညတ်ပါ၏။

သကဝါဒီ။ ။တိုင်းပြည်ကိုစွဲ၍ မင်းကို ပညတ်ရကား တိုင်းပြည်သည် (မင်းမှ) တမျိုးတခြား မင်းသည် (တိုင်းပြည်မှ) တမျိုးတခြား ဖြစ်သကဲ့သို့ ဤအတူ ရုပ်ကို စွဲ၍ ပုဂ္ဂိုလ်ကို ပညတ်ရကား ရုပ်သည်(ပုဂ္ဂိုလ်မှ)တမျိုးတခြား ပုဂ္ဂိုလ်သည် (ရုပ်မှ) တမျိုးတခြား ဖြစ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၁၅။ သကဝါဒီ။ ။သံခြေကျဉ်းသည် သံခြေကျဉ်း ရှိသူမဟုတ်၊ အကြင်သူအား သံခြေကျဉ်းသည်(ရှိ၏)၊ ထိုသူသည်သာ သံခြေကျဉ်း ရှိသူ ဖြစ်သကဲ့သို့ ဤအတူ ရုပ်သည် ရုပ်ရှိသူမဟုတ်၊ အကြင်သူအား ရုပ်သည် (ရှိ၏)၊ ထိုသူသည်သာ ရုပ်ရှိသူ ဖြစ်သလော။

ပရဝါဒီ။ ။ဩော် ဖြစ်ပါ၏။

သကဝါဒီ။ သံခြေကျဉ်းသည် သံခြေကျဉ်းရှိသူမဟုတ်၊ အကြင်သူအား သံခြေကျဉ်းသည် (ရှိ၏)၊ ထိုသူသည်သာ သံခြေကျဉ်းရှိသူဖြစ်သကဲ့သို့ သံခြေကျဉ်းသည် (သံခြေကျဉ်းရှိသူမှ) တမျိုးတခြား၊ သံခြေကျဉ်းရှိသူသည် (သံခြေကျဉ်းမှ)တမျိုးတခြား ဖြစ်သကဲ့သို့ ဤအတူ ရုပ်သည်

---

၁။ ဤခမးသောအခြင်းအရာအားဖြင့် အလိုမရှိသည်၏ အဖြစ်ကြောင့်၎င်း မိမိအယူ၌တည်လျက်၎င်း ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

http://www.dhammadownload.com



အရှင်ပရဝါဒီ ဒုတိယစိတ် ဖြစ်လတ်သော် သတ္တဝါဟူ၍ရင်း သတ္တဝါမဟူ၍ရင်း ပြောဆိုသင့်ပါမူ ထိုအကြောင်းကြောင့် ဒုတိယစိတ်ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍ရင်း အခြားပုဂ္ဂိုလ်ဟူ၍ရင်း ပြောဆိုသင့်၏ဟူ၍လည်း ဆိုသင့်တော့၏။

ထိုပဌမပုစ္ဆာ၌ ဒုတိယစိတ် ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍ရင်း အခြားပုဂ္ဂိုလ်ဟူ၍ရင်း မပြောဆိုသင့်ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ ဤဒုတိယပုစ္ဆာ၌မူ ဒုတိယစိတ်ဖြစ်လတ်သော် သတ္တဝါဟူ၍ရင်း သတ္တဝါမဟူ၍ရင်း ပြောဆိုသင့်၏ဟူ၍လည်း သင်ဆိုခဲ့၏၊ (ဤသို့ရှေ့နောက် မညီညွတ်သော) အကြင်စကားကို သင် ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သော စကားသည် မှားသော စကားသာတည်း။

၁၁၇။ သကဝါဒီ။ ။ဒုတိယစိတ်ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍ရင်း အခြားပုဂ္ဂိုလ်ဟူ၍ရင်း မပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ဩော် မပြောဆိုသင့်ပါ။

သကဝါဒီ။ ။ဒုတိယစိတ်ဖြစ်လတ်သော် မိန်းမဟူ၍ရင်း ယောကျ်ားဟူ၍ရင်း အိမ်နေသူ လူဟူ၍ရင်း ရဟန်းဟူ၍ရင်း နတ်ဟူ၍ရင်း လူဟူ၍ရင်း မပြောဆိုသင့်ပါသလော။

ပရဝါဒီ။ ။ပြောဆိုသင့်ပါ၏။

သကဝါဒီ။ ။ဖိနှိပ်ထိုက်သော အပြစ်ကို ဝန်ခံလော့—

## ဖိနှိပ်ပုံ

အရှင်ပရဝါဒီ ဒုတိယစိတ်ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍ရင်း အခြားပုဂ္ဂိုလ်ဟူ၍ရင်း မပြောဆိုသင့်ပါမူ ထိုအကြောင်းကြောင့် ဒုတိယစိတ်ဖြစ်လတ်သော် နတ်ဟူ၍ရင်း လူဟူ၍ရင်း မပြောဆိုသင့် ဟူ၍ ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ ဒုတိယစိတ်ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍ရင်း အခြားပုဂ္ဂိုလ်ဟူ၍ရင်း မပြောဆိုသင့်ဟူ၍ သင်ဆိုခဲ့သည်သာတည်း၊ဤဒုတိယပုစ္ဆာ၌မူ ဒုတိယစိတ်ဖြစ်လတ်သော် နတ်ဟူ၍ရင်း လူဟူ၍ရင်း ပြောဆိုသင့်၏ ဟူ၍ကား သင်ဆိုခဲ့၏၊ (ဤသို့ ရှေ့နောက်မညီညွတ်သော)အကြင်စကားကို သင်ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သော စကားသည် မှားသော စကားသာတည်း။

အရှင်ပရဝါဒီ ဒုတိယစိတ်ဖြစ်လတ်သော် နတ်ဟူ၍ရင်း လူဟူ၍ရင်း ပြောဆိုသင့်ပါမူ ထိုအကြောင်းကြောင့် ဒုတိယစိတ် ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍ရင်း အခြားပုဂ္ဂိုလ်ဟူ၍ရင်း ပြောဆိုသင့်၏ဟူ၍လည်း သင်ဆိုသင့်၏။

ထိုပဌမပုစ္ဆာ၌ ဒုတိယစိတ်ဖြစ်လတ်သော် ထိုပုဂ္ဂိုလ်ဟူ၍ရင်း အခြားပုဂ္ဂိုလ်ဟူ၍ရင်း မပြောဆိုသင့်ဟူ၍ရင်း သင်ဆိုခဲ့၏၊ ဤဒုတိယပုစ္ဆာ၌မူ ဒုတိယစိတ်ဖြစ်လတ်သော် နတ်ဟူ၍ရင်း လူဟူ၍ရင်း ပြောဆိုသင့်၏ဟူ၍ရင်း သင် ဆိုခဲ့၏၊ (ဤသို့ ရှေ့နောက် မညီညွတ်သော)အကြင် စကားကို သင်ဆိုဘိ၏၊ သင်၏ ဤရှေ့နောက် မညီညွတ်သောစကားသည် မှားသောစကား သာတည်း။ပ။

http://www.dhammadownload.com



ပရဝါဒီ။ ။ကောင်းမှုကံ မကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

သကဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။ [၁]

၁၂၄။ သကဝါဒီ။ ။ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ပါကုန်၏ဟု နှလုံးသွင်း၍ ကောင်းမှုကံမကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ထိုပြုလုပ်သူ ပြုလုပ်စေသူကို (တဆင့်)ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။ [၂]

၁၂၅။ သကဝါဒီ။ ။ထိုပြုလုပ်သူ ပြုလုပ်စေသူကို (တဆင့်)ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏ [၃]။

သကဝါဒီ။ ။ထိုထိုကောင်းမှုကံ မကောင်းမှုကံကို ပြုလုပ်သူ ပြုလုပ်စေသူ (တဆင့်)ပြုလုပ်သူ ပြုလုပ်စေသူအား ဒုက္ခ၏ အဆုံးကို ပြုခြင်းသည် မရှိပါသလော၊ ဝဋ်ဆင်းရဲ၏ ပြတ်စဲခြင်းသည် မရှိပါသလော၊ (တစုံတခုကိုမျှ) မစွဲလမ်းမူ၍ ငြိမ်းအေးမှု (ပရိနိဗ္ဗာန်)သည် မရှိပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၂၆။ သကဝါဒီ။ ။ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ပါကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံ မကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ပုဂ္ဂိုလ်ကို ရအပ်၏ဟု နှလုံးပြု၍ ပုဂ္ဂိုလ်ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။

၁၂၇။ သကဝါဒီ။ ။ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံ မကောင်းမှုကံတို့ကို ပြုလုပ်သူ ပြုလုပ်စေသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

---

၁။ ပုဂ္ဂိုလ်ကို ရည်ရွယ်၍ ပြုလုပ်သူ ကတ္တားကို မေး၏၊ ပြုလုပ်ခြင်းမျှကို ရည်ရွယ်၍ မေးသည်မဟုတ်၊ ထို့ကြောင့် သကဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၂။ တဆင့်ပြုလုပ်သူ ပြုလုပ်စေသူကို အလိုမရှိသောကြောင့်ရင်း ဗျာကရဏ်မှာနဝါဒမှ ကြောက်သောကြောင့်ရင်း ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၃။ မိဖတို့သည် သားတည်းဟူသောပုဂ္ဂိုလ်ကို ဖြစ်စေကုန်၏၊ အမည်မှည့်ကုန်၏၊ ကျွေးမွေးကြကုန်၏၊ ထို့ကြောင့် မိဖတို့သည် ထိုသားဖြစ်သောပုဂ္ဂိုလ်ကို ပြုလုပ်သူ [illegible]၊ အဆွေခင်ပွန်းကောင်းတို့သည်ရင်း ဆရာတို့သည်ရင်း ထိုထိုအသက်မွေးကြောင်း အတတ်ပညာတို့ကို သင်စေကုန်၏၊ ထို့ကြောင့် အဆွေခင်ပွန်းကောင်းဆရာတို့သည် ပြုလုပ်စေသူတို့မည်ကုန်၏၊ ဤကိုရည်ရွယ်၍ ပရဝါဒီက ဝန်ခံသည်။

http://www.dhammadownload.com



သကဝါဒီ။ ။ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးသည် ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးကို ခံစားသူမှ တမျိုးတခြားလော၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးကို ခံစားသူသည် ကောင်းမှုကံ မကောင်းမှုကံတို့၏အကျိုးမှ တမျိုးတခြားလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။ [၁]

၁၄၃။ ပရဝါဒီ။ ။နတ်၌ ဖြစ်သော ချမ်းသာကို ရအပ်ပါသလော။

သကဝါဒီ။ ။ဩော် ရအပ်ပါ၏။

ပရဝါဒီ။ ။နတ်၌ ဖြစ်သော ချမ်းသာကို ခံစားသူကို ရအပ်ပါသလော။

သကဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။ [၂]

၁၄၄။ သကဝါဒီ။ ။နတ်၌ ဖြစ်သော ချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ နတ်၌ဖြစ်သော ချမ်းသာကို ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ထိုနတ်၌ဖြစ်သော ချမ်းသာခံစားသူကို (တဆင့်) ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၄၅။ သကဝါဒီ။ ။ထိုနတ်၌ ဖြစ်သော ချမ်းသာခံစားသူကို (တဆင့်) ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ထိုထိုနတ်၌ ဖြစ်သော ချမ်းသာကို ခံစားသူကို (တဆင့်) ခံစားသူအား ဆင်းရဲအဆုံးကို ပြုခြင်းသည် မရှိသလော၊ ဝဋ်၏ ပြတ်စဲခြင်းသည် မရှိသလော၊ (တစုံတခုကိုမျှ) မစွဲလမ်းမူ၍ ငြိမ်းအေးမှု (ပရိနိဗ္ဗာန်)သည် မရှိပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။

၁၄၆။ သကဝါဒီ။ ။နတ်၌ဖြစ်သော ချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ နတ်၌ဖြစ်သော ချမ်းသာ ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ပုဂ္ဂိုလ်ကို ရအပ်၏ဟု နှလုံးပြု၍ ပုဂ္ဂိုလ်ကို ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၄၇။ သကဝါဒီ။ ။နတ်၌ဖြစ်သောချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ နတ်၌ဖြစ်သော ချမ်းသာ ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

---

၁။ ဝေဒနာရှိသော အတ္တအစရှိသော သက္ကာယဒိဋ္ဌိမှ ကြောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၂။ သကဝါဒီကား ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ခံစားမှုကိုသာ ပယ်သည်၊ ခံစားသော ဝေဒနာ၏ အစွမ်းအားဖြင့် ခံစားမှုကိုကား ပယ်သည်မဟုတ်ဟု သိလေ။

http://www.dhammadownload.com



သကဝါဒီ။ ။နိဗ္ဗာန်ကို ရအပ်၏ဟု နှလုံးပြု၍ နိဗ္ဗာန်ကို ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၄၈။ သကဝါဒီ။ ။နတ်၌ဖြစ်သောချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ နတ်၌ဖြစ်သော ချမ်းသာ ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။မြေကြီးကို ရအပ်၏ဟု နှလုံးပြု၍။ပ။ မဟာသမုဒ္ဒရာကို ရအပ်၏ဟု နှလုံးပြု၍။ပ။ မြင့်မိုရ်တောင်မင်းကို ရအပ်၏ဟု နှလုံးပြု၍။ပ။ ရေကို ရအပ်၏ဟု နှလုံးပြု၍။ပ။မီးကို ရအပ်၏ဟု နှလုံးပြု၍။ပ။ လေကို ရအပ်၏ဟု နှလုံးပြု၍။ပ။ မြက် ထင်း တောစိုးသစ်ပင်တို့ကို ရအပ်၏ဟု နှလုံးပြု၍ မြက် ထင်း တောစိုးသစ်ပင်တို့ကို ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၁]

၁၄၉။ သကဝါဒီ။ ။နတ်၌ ဖြစ်သော ချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ နတ်၌ဖြစ်သော ချမ်းသာကို ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။နတ်၌ ဖြစ်သော ချမ်းသာသည် (နတ်၌ ဖြစ်သော ချမ်းသာကို ခံစားသူမှ) တမျိုးတခြားလော၊ နတ်၌ ဖြစ်သော ချမ်းသာကို ခံစားသူသည် (နတ်၌ဖြစ်သော ချမ်းသာမှ) တမျိုးတခြားလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၀။ ပရဝါဒီ။ ။လူ၌ ဖြစ်သော ချမ်းသာကို ရအပ်ပါသလော။

သကဝါဒီ။ ။ဩော် ရအပ်ပါ၏။

ပရဝါဒီ။ ။လူ၌ ဖြစ်သော ချမ်းသာခံစားသူကို ရအပ်ပါသလော။

သကဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၁။ ။သကဝါဒီ။ ။လူ၌ဖြစ်သော ချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ လူ၌ဖြစ်သော ချမ်းသာ ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ထိုလူ၌ဖြစ်သောချမ်းသာခံစားသူကို (တဆင့်)ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၂။ ထိုလူ၌ ဖြစ်သော ချမ်းသာခံစားသူကို (တဆင့်)ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

---

၁။ မြေကြီးအစရှိသည်တို့ကို အာရုံပြု၍ ခံစားသူတို့၏ ဖြစ်ခြင်းကိုမူ မတားမြစ်ပေ။

http://www.dhammadownload.com



သကဝါဒီ။ ။ထိုသို့ လူ့ဦးဖြစ်သော ချမ်းသာခံစားသူကို (တဆင့်) ခံစားသူအား ဆင်းရဲအဆုံးကို ပြုခြင်းသည် မရှိသလော၊ ဝဋ်၏ပြတ်စဲခြင်းသည် မရှိသလော၊ တစုံတရာကိုမျှ မစွဲလမ်းမူ၍ ငြိမ်းအေးမှု (ပရိနိဗ္ဗာန်)သည် မရှိပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။

၁၅၃။ သကဝါဒီ။ ။လူ့ဦးဖြစ်သော ချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ လူ့ဦးဖြစ်သော ချမ်းသာခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ကြောင်း ရအပ်ပါ၏။

သကဝါဒီ။ ။ပုဂ္ဂိုလ်ကို ရအပ်၏ဟု နှလုံးပြု၍ ပုဂ္ဂိုလ်ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၄။ ။သကဝါဒီ။ ။လူ့ဦးဖြစ်သော ချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ လူ့ဦးဖြစ်သော ချမ်းသာခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ကြောင်း ရအပ်ပါ၏။

သကဝါဒီ။ ။နိဗ္ဗာန်ကို ရအပ်၏ဟု နှလုံးပြု၍ နိဗ္ဗာန်ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၅။ သကဝါဒီ။ ။လူ့ဦး ဖြစ်သော ချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ လူ့ဦးဖြစ်သော ချမ်းသာခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ကြောင်း ရအပ်ပါ၏။

သကဝါဒီ။ ။မြေကြီးကို ရအပ်၏ဟု နှလုံးပြု၍။ပ။မဟာသမုဒ္ဒရာကို ရအပ်၏ဟု နှလုံးပြု၍၊ မြင့်မိုရ်တောင်မင်းကို ရအပ်၏ဟု နှလုံးပြု၍၊ရေကို ရအပ်၏ဟုနှလုံးပြု၍၊မီးကို ရအပ်၏ဟု နှလုံးပြု၍၊ လေကို ရအပ်၏ဟု နှလုံးပြု၍၊ မြက် ထင်း တောစိုးသစ်ပင်တို့ကို ရအပ်၏ဟု နှလုံးပြု၍ မြက် ထင်း တောစိုးသစ်ပင်တို့ကို ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၆။ သကဝါဒီ။ ။လူ့ဦးဖြစ်သော ချမ်းသာကို ရအပ်၏ဟု နှလုံးပြု၍ လူ့ဦးဖြစ်သော ချမ်းသာ ခံစားသူကို ရအပ်ပါသလော။

ပရဝါဒီ။ ။ကြောင်း ရအပ်ပါ၏။

သကဝါဒီ။ ။လူ့ဦးဖြစ်သော ချမ်းသာသည် (လူ့ဦးဖြစ်သော ချမ်းသာကို ခံစားသူမှ)တမျိုးတခြားလော၊ လူ့ဦးဖြစ်သော ချမ်းသာကို ခံစားသူသည် (လူ့ဦး ဖြစ်သော ချမ်းသာမှ) တမျိုးတခြားလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၅၇။ ပရဝါဒီ။ ။အပါယ်ဦး ဖြစ်သော ဆင်းရဲကို ရအပ်ပါသလော။

သကဝါဒီ။ ။ကြောင်း ရအပ်ပါ၏။

http://www.dhammadownload.com



သကဝါဒီ။ ။ချမ်းသာဆင်းရဲကို ကိုယ်တိုင်ပြုအပ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၇၂။ သကဝါဒီ။ ။ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံ မကောင်းမှုကံတို့ကို ပြုလုပ်သူကိုရင်း ပြုလုပ်စေသူကိုရင်း အကျိုးခံစားသူကိုရင်း ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။အခြားသူသည် ပြုလုပ်၍ အခြားသူသည် ခံစားသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၁]

၁၇၃။ သကဝါဒီ။ ။အခြားသူသည် ပြုလုပ်၍ အခြားသူသည် ခံစားသလော။

ပရဝါဒီ။ ။ဩော် ခံစားပါ၏[၂]။

သကဝါဒီ။ ။ချမ်းသာဆင်းရဲကို သူတပါး ပြုအပ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

၁၇၄။ သကဝါဒီ။ ။ကောင်းမှုကံ မကောင်းမှုကံတို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံ မကောင်းမှုကံတို့ကို ပြုလုပ်သူကိုရင်း ပြုလုပ်စေသူကိုရင်း အကျိုးခံစားသူကိုရင်း ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ထိုသူသည်ရင်း အခြားသူသည်ရင်း ပြုလုပ်ကုန်၍ ထိုသူသည်ရင်း အခြားသူသည်ရင်း ခံစားကုန်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

၁၇၅။ သကဝါဒီ။ ။ထိုသူသည်ရင်း အခြားသူသည်ရင်း ပြုလုပ်ကုန်၍ ထိုသူသည်ရင်း အခြားသူသည်ရင်း ခံစားကုန်သလော။

ပရဝါဒီ။ ။ဩော် ခံစားပါကုန်၏။

သကဝါဒီ။ ။ချမ်းသာဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ် သူတပါးလည်း ပြုအပ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

---

၁။ အညော ကရောတိ အညော ပဋိသံဝေဒေတီတိခေါ ဖြာဟ္မဏ အယမေကော အန္တော-ဟူသော သုတ်နှင့် ဆန့်ကျင်သည်ကို ကြောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပ ပြု၍ ဖြေသည်။

၂။ လူဖြစ်သူသည် ကောင်းမှုကံကို ပြု၍ နတ်ဖြစ်သူသည် ထိုကံ၏ အကျိုး ခံစား၏ဟု အောက်မေ့ ထင်မှတ်လျက် ဝန်ခံဖြေသည်။

၃။ လူဘဝက ကောင်းမှုကံကို ပြုခဲ့၍ နတ်ဘဝ၌ ခံစား၏ဟု အယူရှိသူအား ပရံ ကတံ သုခံ ဒုက္ခံ ဟူသော အပြစ်ရောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၄။ သော စ အညော စ ကရောတိ သော စ အညော စ ပဋိသံဝေဒေတီတိ ခေါ ဖြာဟ္မဏ အယမေကော အန္တော-ဟူသောသုတ်နှင့် ဆန့်ကျင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၁၇၆။ သကဝါဒီ။ ။ကောင်းမှုကံ မကောင်းမှုကံဘို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံ မကောင်းမှုကံတို့ကို ပြုလုပ်သူကိုရင်း ပြုလုပ်စေသူကိုရင်း အကျိုးခံစားသူကိုရင်း ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ထိုသူသည် မပြုလုပ်ပဲ ထိုသူသည် မခံစားသလော၊ အခြားသူသည် မပြုလုပ်ပဲ အခြားသူသည် မခံစားသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၁]

၁၇၇။ သကဝါဒီ။ ။ထိုသူသည် မပြုလုပ်ပဲ ထိုသူသည် မခံစားသလော၊ အခြားသူသည် မပြုလုပ်ပဲ အခြားသူသည် မခံစားသလော[၂]။

ပရဝါဒီ။ ။ဩော် မခံစားပါ။

သကဝါဒီ။ ။ချမ်းသာ ဆင်းရဲသည် ကိုယ်တိုင်မလုပ်ပဲ သူတပါးမလုပ်ပဲ အကြောင်းကို မစွဲမှု၍ ဖြစ်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၇၈။ သကဝါဒီ။ ။ကောင်းမှုကံ မကောင်းမှုကံဘို့ကို ရအပ်ကုန်၏ဟု နှလုံးပြု၍ ကောင်းမှုကံ မကောင်းမှုကံတို့ကို ပြုလုပ်သူကိုရင်း ပြုလုပ်စေသူကိုရင်းအကျိုးခံစားသူကိုရင်းရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။ထိုသူသည် ပြုလုပ်၍ ထိုသူသည်ပင် ခံစားသလော၊ အခြားသူသည် ပြုလုပ်၍ အခြားသူသည် ခံစားသလော၊ ထိုသူသည်ရင်း အခြားသူသည်ရင်း ပြုလုပ်ကုန်၍ ထိုသူသည်ရင်း အခြားသူသည်ရင်း ခံစားကုန်သလော၊ ထိုသူသည် မပြုလုပ်ပဲ ထိုသူသည် မခံစားသလော၊ အခြားသူသည် မပြုလုပ်ပဲ အခြားသူသည် မခံစားသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၇၉။ သကဝါဒီ။ ။ထိုသူသည် ပြုလုပ်၍ ထိုသူသည်ပင် ခံစားသလော၊ အခြားသူသည် ပြုလုပ်၍ အခြားသူသည် ခံစားသလော၊ ထိုသူသည်ရင်း အခြားသူသည်ရင်း ပြုလုပ်ကုန်၍ ထိုသူသည်ရင်း အခြားသူသည်ရင်း ခံစားကုန်သလော၊ ထိုသူသည် မပြုလုပ်ပဲ ထိုသူသည် မခံစားသလော၊ အခြားသူသည် မပြုလုပ်ပဲ အခြားသူသည် မခံစားသလော။

ပရဝါဒီ။ ။ဩော် မခံစားပါ။

---

၁။ နေဝ သော ကရောတိ န အညော ပဋိသံဝေဒေတီတိ ခေါ ဗြာဟ္မဏ အယမေကော အန္တော ဟူသော သုတ်နှင့် ဆန့်ကျင်သည်ကို ကြောက်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၂။ လူဖြစ်သူသည် နတ်ပြည်၌ဖြစ်ရန် ကံကိုပြု၍ လူ့အဖြစ်ဖြင့် ခံစားရသည်မဟုတ်၊ အကြင်သူသည် ကံကိုပြု၏၊ ထိုကံပြုသူမှ တပါးသူသည်သာ ခံစားရသည်လည်းမဟုတ်ဟု နှလုံးသွင်း၍ ဝန်ခံပြန်သည်။

http://www.dhammadownload.com



သကဝါဒီ။ ။ချမ်းသာဆင်းရဲကို ကိုယ်တိုင်ပြုလုပ်အပ်သလော၊ ချမ်းသာဆင်းရဲကို သူတပါး ပြုလုပ်အပ်သလော၊ ချမ်းသာဆင်းရဲကို ကိုယ်တိုင်လည်း ပြုလုပ်အပ် သူတပါးလည်း ပြုလုပ်အပ် သလော၊ချမ်းသာဆင်းရဲသည် ကိုယ်တိုင်မပြုပဲ သူတပါးမပြုပဲ အကြောင်းကို မစွဲမူ၍ ဖြစ်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။

၁၀၀။ ပရဝါဒီ။ ။ကံသည် ရှိသလော။

သကဝါဒီ။ ။ဩြော် ရှိပါ၏။

ပရဝါဒီ။ ။ကံပြုသူသည် ရှိသလော။

သကဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၀၁။ သကဝါဒီ။ ။ကံသည် ရှိ၏ဟု နှလုံးပြု၍ ကံပြုသူသည် ရှိသလော။

ပရဝါဒီ။ ။ဩြော် ရှိပါ၏။

သကဝါဒီ။ ။ထိုကံပြုသူကို (တဆင့်)ပြုလုပ်သူသည် ရှိသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၀၂။ သကဝါဒီ။ ။ထိုကံပြုသူကို (တဆင့်) ပြုလုပ်သူသည် ရှိသလော။

ပရဝါဒီ။ ။ဩြော် ရှိပါ၏။

သကဝါဒီ။ ။ထိုထိုကံကို ပြုလုပ်သူ (တဆင့်)ပြုလုပ်သူအား ဆင်းရဲ၏ အဆုံးကို ပြုခြင်းသည် မရှိသလော၊ ဝဋ်ဆင်းရဲ၏ ပြတ်စဲခြင်းသည် မရှိသလော၊ တစုံတရာကိုမျှ မစွဲလမ်းမူ၍ ငြိမ်းအေးမှု (ပရိနိဗ္ဗာန်)သည် မရှိသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၀၃။ သကဝါဒီ။ ။ကံသည် ရှိ၏ဟု နှလုံးပြု၍ ကံပြုသူသည် ရှိသလော။

ပရဝါဒီ။ ။ဩြော် ရှိပါ၏။

သကဝါဒီ။ ။ပုဂ္ဂိုလ်သည် ရှိ၏ဟု နှလုံးပြု၍ ပုဂ္ဂိုလ်ကို ပြုလုပ်သူသည် ရှိသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၀၄။ သကဝါဒီ။ ။ကံသည် ရှိ၏ဟု နှလုံးပြု၍ ကံပြုသူသည် ရှိသလော။

ပရဝါဒီ။ ။ဩြော် ရှိပါ၏။

သကဝါဒီ။ ။နိဗ္ဗာန်သည် ရှိ၏ဟု နှလုံးပြု၍ နိဗ္ဗာန်ကို ပြုလုပ်သူသည် ရှိသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၁၀၅။ သကဝါဒီ။ ။ကံသည် ရှိ၏ဟု နှလုံးပြု၍ ကံပြုသူသည် ရှိသလော။

ပရဝါဒီ။ ။ဩြော် ရှိပါ၏။

သကဝါဒီ။ ။မြေကြီးသည် ရှိ၏ဟု နှလုံးပြု၍။ပ။ မဟာသမုဒ္ဒရာသည် ရှိ၏ဟု နှလုံးပြု၍။ မြင့်မိုရ်တောင်မင်းသည် ရှိ၏ဟု နှလုံးပြု၍။ရေသည် ရှိ၏ဟု နှလုံးပြု၍။ မီးသည် ရှိ၏ဟု နှလုံးပြု၍။ လေသည် ရှိ၏ဟု နှလုံးပြု၍။မြက်ထင်း တောစိုး သစ်ပင်တို့သည် ရှိကုန်၏ဟု နှလုံးပြု၍ မြက် ထင်း တောစိုးသစ်ပင်တို့ကို ပြုလုပ်သူသည် ရှိသလော။

http://www.dhammadownload.com



ပရဝါဒီ။ ။ထို့ကြောင့်ပင် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။

၂၃၀။ ပရဝါဒီ။ ။ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်ပါသလော။

သကဝါဒီ။ ။ဩော် မဆိုသင့်ပါ။

ပရဝါဒီ။ ။မြတ်စွာဘုရားသည် အမှန်ကို ပြောဆိုလေ့ရှိသည်၊ အခါအားလျော်စွာ ပြောဆိုလေ့ရှိသည်၊ ဟုတ်သည်ကို ပြောဆိုလေ့ရှိသည်၊ မှန်သည်ကို ပြောဆိုလေ့ရှိသည်၊ မချွတ်မယွင်း ပြောဆိုလေ့ရှိသည်၊ တမျိုးတခြားမဟုတ်သည်ကို ပြောဆိုလေ့ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ဩော် ဟုတ်ပါ၏။

ပရဝါဒီ။ ။"ရဟန်းတို့ လောက၌ တဦးသောပုဂ္ဂိုလ်သည် ဖြစ်ပေါ်လတ်သော် သူအများ၏အစီးအပွါးအလို့ငှါ လူအများ၏ ချမ်းသာအလို့ငှါ လောကကို သနားစောင့်ရှောက် ချီးမြှောက်ရန်အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာအလို့ငှါသာ ဖြစ်ပေါ်တော်မူ၏"ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန် (ပါဠိ)ရှိသည် မဟုတ်ပါလော။

သကဝါဒီ။ ။ဩော် ရှိပါ၏။

ပရဝါဒီ။ ။ထို့ကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်၏။

၂၃၁။ သကဝါဒီ။ ။ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

သကဝါဒီ။ ။မြတ်စွာဘုရားသည် အမှန်ကို ပြောဆိုလေ့ရှိသည်၊ အခါအားလျော်စွာ ပြောဆိုလေ့ရှိသည်၊ ဟုတ်သည်ကို ပြောဆိုလေ့ရှိသည်၊ မှန်သည်ကို ပြောဆိုလေ့ရှိသည်၊ မချွတ်မယွင်း ပြောဆိုလေ့ရှိသည်၊ တမျိုးတခြားမဟုတ်သည်ကို ပြောဆိုလေ့ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။"အလုံးစုံသော တရားတို့သည် အတ္တမဟုတ်ကုန်"[၁]ဟူ၍ မြတ်စွာဘုရား ဟောအပ်၏ဟူသော သုတ္တန်(ပါဠိ)ရှိသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ဩော် ရှိပါ၏။

သကဝါဒီ။ ။ထို့ကြောင့် ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘော အားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်။

၂၃၂။ သကဝါဒီ။ ။ပုဂ္ဂိုလ်ကို မှန်သောသဘော မြတ်သောသဘောအားဖြင့် ရအပ်ပါသလော။

ပရဝါဒီ။ ။ဩော် ရအပ်ပါ၏။

---

၁။ အတ္တဇီဝပုဂ္ဂလမှ ကင်းကုန်၏ တစုံသောတရား၌မျှ ပုဂ္ဂိုလ်မရှိဟုဆိုလိုသည်။

http://www.dhammadownload.com



သကဝါဒီ။ ။ရဟန္တာသည် ရဟန္တာအဖြစ်မှ အခါခပ်သိမ်း ဆုတ်ယုတ် (လျှောကျ)နိုင် ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၁]

သကဝါဒီ။ ။ရဟန္တာသည် ရဟန္တာအဖြစ်မှ အခါခပ်သိမ်း ဆုတ်ယုတ်(လျှောကျ)နိုင်ပါသလော။

ပရဝါဒီ။ ။ဩော်ဆုတ်ယုတ်(လျှောကျ)နိုင်ပါ၏[၂]။

သကဝါဒီ။ ။ရဟန္တာအား ဆုတ်ယုတ် (လျှောကျ)မှု အခါခပ်သိမ်း ရှိနိုင်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ်(လျှောကျ)နိုင်ပါသလော။

ပရဝါဒီ။ ။ဩော်ဆုတ်ယုတ်(လျှောကျ)နိုင်ပါ၏။

သကဝါဒီ။ ။အလုံးစုံသော ရဟန္တာတို့သည်ပင် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျှောကျ) နိုင်ပါကုန်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၄]

သကဝါဒီ။ ။အလုံးစုံသော ရဟန္တာတို့သည်ပင် ရဟန္တာအဖြစ်မှ ဆုတ်ယုတ်(လျှောကျ)နိုင် ပါကုန်သလော။

ပရဝါဒီ။ ။ဩော် ဆုတ်ယုတ် (လျှောကျ)နိုင်ပါကုန်၏[၅]။

သကဝါဒီ။ ။အလုံးစုံသော ရဟန္တာတို့အားသာလျှင် ဆုတ်ယုတ်လျှောကျမှု (ရှိနိုင်ပါ သလော)။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၆]

သကဝါဒီ။ ။ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ်(လျှောကျ)နိုင်ပါသလော။

ပရဝါဒီ။ ။ ဩော် ဆုတ်ယုတ်(လျှောကျ)နိုင်ပါ၏။

---

၁။ အသင့်အတင့်အားဖြင့် နှလုံးသွင်းသောအခါ၌ မဆုတ်ယုတ် မလျှောကျနိုင်သောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၂။ မသင့်မတင့်သောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား ညဉ့်အဘို့၌ဖြစ်စေ နေ့အဘို့၌ဖြစ်စေ အခါခပ်သိမ်း ဆုတ်ယုတ်လျှောကျနိုင်သောကြောင့် ပရဝါဒီက ဝန်ခံပြန်သည်။

၃။ ဆုတ်ယုတ်လျှောကျခြင်းကို ပြတတ်သော တရားအပေါင်းရှိလတ်သော် တခဏမျှ ဆုတ်ယုတ်လျှောကျသည် မည်၏၊ ထိုသို့ ဆုတ်ယုတ်လျှောကျသည်မှ ရှေးအဘို့၌ မဆုတ်ယုတ် မလျှောကျမှု၍ နောက်မှ ဆုတ်ယုတ်လျှောကျသူအား အခါခပ်သိမ်း ဆုတ်ယုတ်လျှောကျမှု မရှိနိုင်ရကား ပရဝါဒီက ပဋိက္ခေပ ပြု၍ ဖြေသည်။

၄။ တိက္ခိန္ဒြိယရဟန္တာတို့ကို ရည်ရွယ်လျက် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၅။ မုဒိန္ဒြိယရဟန္တာတို့ကို ရည်ရွယ်၍ ပရဝါဒီက ဝန်ခံပြန်သည်။

၆။ တိက္ခိန္ဒြိယရဟန္တာအားလုံးတို့အား ဆုတ်ယုတ်လျှောကျမှု မရှိနိုင်ဟု နှလုံးသွင်း၍ ပရဝါဒီက ပဋိက္ခေပ [illegible]သည်။

http://www.dhammadownload.com



သကဝါဒီ။ ။ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ် (လျှောကျ) လတ်သော် ဖိုလ်လေးပါးတို့မှ ဆုတ်ယုတ် (လျှောကျ) နိုင်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၁]

ပရဝါဒီ။ ။သူဌေးသည် ဥစ္စာလေးသိန်းတို့ဖြင့် သူဌေးအဖြစ်ကို ပြုစေသည်ဖြစ်၍ ဥစ္စာတသိန်း ဆုတ်ယုတ်လတ်သော် သူဌေးအဖြစ်မှ ဆုတ်ယုတ်(လျှောကျ)သူ ဖြစ်ပါသလော။

သကဝါဒီ။ ။ဩော် ဆုတ်ယုတ်(လျှောကျ)သူ ဖြစ်ပါ၏[၂]။

ပရဝါဒီ။ ။အလုံးစုံသော စည်းစိမ်ဥစ္စာမှ ဆုတ်ယုတ် (လျှောကျ)သူ ဖြစ်ပါသလော။

သကဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၃]

သကဝါဒီ။ ။သူဌေးသည် ဥစ္စာလေးသိန်းတို့ဖြင့် သူဌေးအဖြစ်ကို ပြုစေသည်ဖြစ်၍ ဥစ္စာတသိန်း ဆုတ်ယုတ်လတ်သော် အလုံးစုံသော စည်းစိမ်ဥစ္စာမှ ဆုတ်ယုတ်(လျှောကျ)ခြင်းငှါ ထိုက်ပါသလော။

ပရဝါဒီ။ ။ဩော် ထိုက်ပါ၏[၄]။

သကဝါဒီ။ ။ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ်(လျှောကျ)လတ်သော် ဖိုလ်လေးပါးတို့မှ ဆုတ်ယုတ်(လျှောကျ)ခြင်းငှါ ထိုက်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၅]

## ၂-အရိယပုဂ္ဂလသံသန္ဒနပရိဟာနိ [၆]

၂၄၀။ သကဝါဒီ။ ။ရဟန္တာသည် ရဟန္တာအဖြစ်မှ ဆုတ်ယုတ်(လျှောကျ)နိုင်ပါသလော။

ပရဝါဒီ။ ။ဩော် ဆုတ်ယုတ်(လျှောကျ)နိုင်ပါ၏။

---

၁။ ဖိုလ်လေးပါးလုံးတို့မှ လျှောကျမှုကို အလိုမရှိ၊ အထက်ဖိုလ်သုံးပါးတို့မှ လျှောကျမှုကိုသာ အလိုရှိရကား ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၂။ တစိတ်တဒေသအားဖြင့် ဆုတ်ယုတ်လျှောကျသည်ကို ရည်ရွယ်၍ သကဝါဒီက ဝန်ခံသည်။

၃။ အလုံးစုံသော စည်းစိမ်ဥစ္စာတို့မှမူ မလျှောကျသောကြောင့် သကဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။ ဤဥပမာအတူပင် ရဟန္တာအား ဖိုလ်လေးပါးလုံးတို့မှ လျှောကျခြင်း မဟုတ်ပဲ အထက်ဖိုလ်သုံးပါးတို့ လျှောကျခြင်းသာ ဖြစ်၏ဟု ပရဝါဒီက ဆိုလိုသည်။

၄။ အမြန်နိယာမအားဖြင့် စည်းစိမ်ဥစ္စာအားလုံးတို့မှ ဆုတ်ယုတ်လျှောကျထိုက်သည်ကို မမြင်သောကြောင့် ပရဝါဒီက ဝန်ခံသည်။

၅။ နိယတော သမ္ဗောဓိပရာယဏောဟူသော စကား၏ အနက်ကို မသင့်လျော်သောအားဖြင့် ယူ၍ မိမိအယူဝါဒတည်၍ သောတာပတ္တိဖိုလ်မှ ဆုတ်ယုတ်လျှောကျခြင်းငှါ မထိုက်သည်ကို ရည်ရွယ်လျက် ပရဝါဒီက ပဋိက္ခေပပြုလျက် ဖြေသည်။

၆။ ဤအရာ၌ အချို့က ရဟန္တာ၏ ဆုတ်ယုတ်လျှောကျမှုကိုသာ အလိုရှိကုန်၏၊ အချို့က ရဟန္တာ အနာဂါမ်ပုဂ္ဂိုလ်တို့၏ ဆုတ်ယုတ်လျှောကျမှုကို အလိုရှိကုန်၏၊ အချို့က ရဟန္တာ အနာဂါမ် သကဒါဂါမ်ပုဂ္ဂိုလ်တို့၏ ဆုတ်ယုတ်လျှောကျခြင်းကို အလိုရှိကုန်၏၊ ဝါဒအားလုံးကပင် သောတာပန်ပုဂ္ဂိုလ်၏ ဆုတ်ယုတ်လျှောကျခြင်းကို အလိုမရှိကြကုန်၊ ထိုဝါဒတို့၏ အစွမ်းအားဖြင့် ပုစ္ဆာ ၄-ခု၌ ဟောတော်မူသည်၊ ထိုဆရာတို့၏ အယူဝါဒ၏ အစွမ်းအားဖြင့် ဝန်ခံခြင်း ပယ်မြစ်ခြင်းကို ပြသည်။

http://www.dhammadownload.com



သကဝါဒီ။ ။သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော ပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။သက္ကာယဒိဋ္ဌိကိုလည်း ဝိစိကိစ္ဆာကိုလည်း သီလဗ္ဗတပရာမာသကိုလည်း ထိုကိလေသာ သုံးပါးနှင့်တကွ တခုတည်းသောစိတ်၌ တည်သောကိလေသာတစိတ်တဒေသတို့ကိုလည်း ပယ်စွန့်ပါ၏။

သကဝါဒီ။ ။တစိတ်တဒေသသည် သောတာပန်မည်၍ တစိတ်တဒေသသည် သောတာပန် မမည်သလော၊ တစိတ်တဒေသသည် သောတာပတ္တိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည်ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ တစိတ်တဒေသသည် ကိုယ်ဖြင့်တွေ့ထိ၍ နေသလော၊ တစိတ်တဒေသသည် ကိုယ်ဖြင့်တွေ့ထိ၍ မနေသလော၊ တစိတ်တဒေသသည် သတ္တက္ခတ္တုပရမသောတာပန်လော၊ ကောလံကောလသောတာပန်လော၊ ဧကဗီဇီသောတာပန်လော၊ ဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံသလော၊ တရား၌။ပ။ သံဃာ၌။ပ။ အရိယာတို့ နှစ်သက်သော သီလတို့နှင့် ပြည့်စုံသလော၊ တစိတ်တဒေသသည် အရိယာတို့ နှစ်သက်သော သီလတို့နှင့် မပြည့်စုံသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ[၁]။ပ။

သကဝါဒီ။ ။သမုဒယသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။သက္ကာယဒိဋ္ဌိကိုလည်း ဝိစိကိစ္ဆာကိုလည်း သီလဗ္ဗတပရာမာသကိုလည်း ထိုကိလေသာ သုံးပါးနှင့်တကွ တခုတည်းသော စိတ်၌ တည်သော ကိလေသာတစိတ်တဒေသတို့ကိုလည်း ပယ်စွန့်၏။

သကဝါဒီ။ ။တစိတ်တဒေသသည် သောတာပန်မည်၍ တစိတ်တဒေသသည် သောတာပန် မမည်သလော။ပ။ တစိတ်တဒေသသည် အရိယာတို့ နှစ်သက်သော သီလတို့နှင့် ပြည့်စုံ၍ တစိတ်တဒေသသည် အရိယာတို့ နှစ်သက်သော သီလတို့နှင့် မပြည့်စုံသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။နိရောဓသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ဝိစိကိစ္ဆာကိုလည်း သီလဗ္ဗတပရာမာသကိုလည်း ထိုကိလေသာနှစ်ပါးနှင့် တကွ တခုတည်းသော စိတ်၌ တည်သော ကိလေသာ တစိတ်တဒေသတို့ကိုလည်း ပယ်စွန့်ပါ၏။

သကဝါဒီ။ ။တစိတ်တဒေသသည် သောတာပန်မည်၍ တစိတ်တဒေသသည် သောတာပန် မမည်သလော။ပ။ တစိတ်တဒေသသည် အရိယာတို့ နှစ်သက်သော သီလတို့နှင့် ပြည့်စုံ၍ တစိတ်တဒေသသည် အရိယာတို့ နှစ်သက်သော သီလတို့နှင့် မပြည့်စုံသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။မဂ္ဂသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။သီလဗ္ဗတပရာမာသကိုလည်း ထိုကိလေသာနှင့်တကွ တခုတည်းသော စိတ်၌တည်သော ကိလေသာတို့ကိုလည်း ပယ်စွန့်၏။

---

၁။ (တစိတ်တဒေသ) စသောဒေသ သောတာပန်မျိုးမရှိသောကြောင့်ပရဝါဒီက ပဋိက္ခေပပြု၍ဖြေသည်။

http://www.dhammadownload.com



သကဝါဒီ။ ။တစိတ်တဒေသသည် သောတာပန်မည်၍ တစိတ်တဒေသသည် သောတာပန် မမည်သလော၊တစိတ်တဒေသသည် သောတာပတ္တိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက် ပြုသည်ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ တစိတ်တဒေသသည် ကိုယ်ဖြင့် တွေ့ထိနေ၍ တစိတ်တဒေသသည် ကိုယ်ဖြင့် တွေ့ထိ၍ မနေသလော၊ တစိတ်တဒေသသည် သတ္တက္ခတ္တုပရမ သောတာပန်လော၊ ကောလံကောလသောတာပန်လော၊ ကေဝီဇီသောတာပန်လော၊ တစိတ် တဒေသသည် ဘုရား၌ ကြည်ညိုသလော၊ တရား၌ ကြည်ညိုသလော။ပ။ သံဃာ၌။ပ။ တစိတ် တဒေသသည် အရိယာတို့ နှစ်သက်သော သီလနှင့် ပြည့်စုံ၍ တစိတ်တဒေသသည် အရိယာတို့ နှစ်သက်သော သီလနှင့် မပြည့်စုံသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၂၇၅။ သကဝါဒီ။ ။သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော ပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ကြမ်းတမ်းသော ကာမရာဂကိုင်း ကြမ်းတမ်းသောဗျာပါဒကိုင်း ထိုကိလေ သာတို့နှင့် တကွ တခုတည်းသော စိတ်၌ တည်သော ကိလေသာတစိတ်တဒေသတို့ကိုင်း ပယ်စွန့်၏။

သကဝါဒီ။ ။တစိတ်တဒေသသည် သကဒါဂါမ်မည်၍ တစိတ်တဒေသသည် သကဒါဂါမ် မမည်သလော၊ တစိတ်တဒေသသည် သကဒါဂါမိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက် ပြုသည်ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ တစိတ်တဒေသသည် ကိုယ်ဖြင့် တွေ့ထိနေ၍ တစိတ် တဒေသသည် ကိုယ်ဖြင့် တွေ့ထိမနေသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။သမုဒယသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ကြမ်းတမ်းသောကာမရာဂကိုင်း ကြမ်းတမ်းသောဗျာပါဒကိုင်း ထိုကိလေသာ တို့နှင့် တကွ တခုတည်းသော စိတ်၌ တည်သော ကိလေသာတစိတ်တဒေသတို့ကိုင်း ပယ်စွန့်၏။

သကဝါဒီ။ ။တစိတ်တဒေသသည် သကဒါဂါမ်မည်၍ တစိတ်တဒေသသည် သကဒါဂါမ် မမည် သလော၊ တစိတ်တဒေသည် သကဒါဂါမိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည် ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ တစိတ်တဒေသသည် ကိုယ်ဖြင့် တွေ့ထိ၍နေသလော၊ တစိတ် တဒေသသည် ကိုယ်ဖြင့် တွေ့ထိ၍ မနေသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။နိရောဓသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ကြမ်းတမ်းသော ဗျာပါဒကိုင်း ထိုကိလေသာနှင့် တကွ တခုတည်းသော စိတ်၌ တည်သော ကိလေသာတစိတ်တဒေသတို့ကိုင်း ပယ်စွန့်၏။

သကဝါဒီ။ ။တစိတ်တဒေသသည် သကဒါဂါမ်မည်၍ တစိတ်တဒေသသည် သကဒါဂါမ် မမည်သလော၊ တစိတ်တဒေသသည် သကဒါဂါမိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက်

http://www.dhammadownload.com



ပြုသည်ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ (တစိတ်တဒေသသည်) ကိုယ်ဖြင့် တွေ့ထိနေ၍ တစိတ်တဒေသသည် ကိုယ်ဖြင့် တွေ့ထိမနေသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။မဂ္ဂသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။ကြမ်းတမ်းသော ဗျာပါဒကိုရင်း ထိုကိလေသာနှင့် တကွ တခုတည်းသော စိတ်၌ တည်သော ကိလေသာတို့ကိုရင်း ပယ်စွန့်၏။

သကဝါဒီ။ ။တစိတ်တဒေသသည် သကဒါဂါမ်မည်၍ တစိတ်တဒေသသည် သကဒါဂါမ် မမည်သလော၊ တစိတ်တဒေသသည် သကဒါဂါမိဖိုလ်သို့ ရောက်သည် ရသည် သိသည် မျက်မှောက် ပြုသည်ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ တစိတ်တဒေသသည် ကိုယ်ဖြင့် တွေ့ထိနေ၍ တစိတ် တဒေသသည် ကိုယ်ဖြင့် တွေ့ထိမနေသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၂၇၆။ သကဝါဒီ။ ။အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော ပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်သနည်း။

ပရဝါဒီ။ ။သိမ်မွေ့သော ကာမရာဂကိုရင်း သိမ်မွေ့သော ဗျာပါဒကိုရင်း ထိုကိလေသာနှင့် တကွ တခုတည်းသော စိတ်၌တည်သော ကိလေသာတစိတ်တဒေသကိုရင်း ပယ်စွန့်၏။

သကဝါဒီ။ ။တစိတ်တဒေသသည် အနာဂါမ်မည်၍ တစိတ်တဒေသသည် အနာဂါမ်မမည်သလော၊ တစိတ်တဒေသသည် အနာဂါမိဖိုလ်သို့ရောက်သည် ရသည် သိသည် မျက်မှောက်ပြုသည် ဖြစ်၍ ပြည့်စုံစေလျက် နေသလော၊ တစိတ်တဒေသသည် ကိုယ်ဖြင့် တွေ့ထိနေ၍ တစိတ်တဒေသသည် ကိုယ်ဖြင့် တွေ့ထိမနေသလော၊ တစိတ်တဒေသသည် အန္တရာပရိနိဗ္ဗာယီအနာဂါမ်မည်သလော၊ ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမ်မည်သလော၊ အသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်မည်သလော၊ သသင်္ခါရပရိနိဗ္ဗာယီအနာဂါမ် မည်သလော၊ ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ်မည်၍ တစိတ်တဒေသသည် ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ်မမည်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။သမုဒယသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။သိမ်မွေ့သော ကာမရာဂကိုရင်း သိမ်မွေ့သော ဗျာပါဒကိုရင်း ထိုကိလေသာဘို့နှင့်တကွ တခုတည်းသော စိတ်၌ တည်သောကိလေသာ တစိတ်တဒေသတို့ကိုရင်း ပယ်စွန့်၏။

သကဝါဒီ။ ။တစိတ်တဒေသသည် အနာဂါမ်မည်၍ တစိတ်တဒေသသည် အနာဂါမ် မမည်သလော။ပ။ တစိတ်တဒေသသည် ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ်မည်၍ တစိတ်တဒေသသည် ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ် မမည်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။နိရောဓသစ္စာကို သိမြင်သဖြင့် အဘယ်ကိလေသာကို ပယ်စွန့်ပါသနည်း။

ပရဝါဒီ။ ။သိမ်မွေ့သော ဗျာပါဒကိုရင်း ထိုကိလေသာနှင့် တကွ တခုတည်းသော စိတ်၌ တည်သော ကိလေသာ တစိတ်တဒေသတို့ကိုရင်း ပယ်စွန့်၏။

http://www.dhammadownload.com



သကဝါဒီ။ ။ဖဿသုံးပါးတို့၏ ဝေဒနာသုံးပါးတို့၏ သညာသုံးပါးတို့၏ စေတနာသုံးပါးတို့၏ စိတ်သုံးပါးတို့၏ သဒ္ဓါသုံးပါးတို့၏ ဝီရိယသုံးပါးတို့၏ သတိသုံးပါးတို့၏ သမာဓိသုံးပါးတို့၏ ပညာသုံးပါးတို့၏ ပေါင်းဆုံခြင်းသည် ဖြစ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ပုထုဇဉ်သည် ကာမတို့၌ တပ်စွန်းမှု'ရာဂ'ကင်းသည်ဖြစ်၍ တရားကိုသိသည်နှင့် တပြိုင်နက် အနာဂါမိဖိုလ်၌ တည်ပါသလော။

ပရဝါဒီ။ ။ဩော် တည်ပါ၏။

သကဝါဒီ။ ။သောတာပတ္တိမဂ်ဖြင့် တည်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။သကဒါဂါမိမဂ်ဖြင့် တည်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။အဘယ်မဂ်ဖြင့် တည်ပါသနည်း။

ပရဝါဒီ။ ။အနာဂါမိမဂ်ဖြင့် တည်ပါသည်[၁]။

သကဝါဒီ။ ။အနာဂါမိမဂ်ဖြင့် သက္ကာယဒိဋ္ဌိကိုင်း ဝိစိကိစ္ဆာကိုင်း သီလဗ္ဗတပရာမာသတို့ကိုင်း ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။[၂]

## ၂-သုတ္တာဟရဏကထာ

၂၇၁။ သကဝါဒီ။ ။အနာဂါမိမဂ်ဖြင့် သက္ကာယဒိဋ္ဌိကိုင်း ဝိစိကိစ္ဆာကိုင်း သီလဗ္ဗတပရာမာသကိုင်း ပယ်စွန့်ပါသလော။

ပရဝါဒီ။ ။ဩော် ပယ်စွန့်ပါ၏[၃]။

သကဝါဒီ။ ။သံယောဇဉ်သုံးပါးတို့ကို ပယ်ရှားခြင်းကြောင့် သောတာပတ္တိဖိုလ်ကို မြတ်စွာဘုရား ဟောအပ်သည် မဟုတ်ပါလော။

ပရဝါဒီ။ ။ဩော် ဟောအပ်ပါ၏။

သကဝါဒီ။ ။အရှင်ပရဝါဒီ သံယောဇဉ်သုံးပါးတို့ကို ပယ်ရှားခြင်းကြောင့် သောတာပတ္တိဖိုလ်ကို မြတ်စွာဘုရား ဟောအပ်ခဲ့ပါမူ အနာဂါမိမဂ်ဖြင့် သက္ကာယဒိဋ္ဌိကိုင်း ဝိစိကိစ္ဆာကိုင်း သီလဗ္ဗတပရာမာသကိုင်း ပယ်စွန့်၏ဟူ၍ကား မဆိုသင့်။

သကဝါဒီ။ ။အနာဂါမိမဂ်ဖြင့် ကြမ်းတမ်းသော ကာမရာဂကိုင်း ကြမ်းတမ်းသော ဗျာပါဒကိုင်း ပယ်စွန့်ပါသလော။

---

၁။ ဈာန်နှင့်ယှဉ်သော အနာဂါမ်၏ အဖြစ်ကို ရည်ရွယ်၍ ဖြေဆိုသည်။

၂။ ကိလေသာသုံးပါးတို့၏ အနာဂါမိမဂ်ဖြင့် မပယ်အပ်သည့်အဖြစ်ကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၃။ သောတာပတ္တိမဂ်၏သာလျှင် ဈာန်နှင့်ယှဉ်သော အနာဂါမိမဂ်၏ အဖြစ်ကို ရည်ရွယ်၍ ဝန်ခံပြန်သည်။

http://www.dhammadownload.com



ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။ [၁]

သကဝါဒီ။ ။ထိုပစ္စုပ္ပန်သည်ပင် ထိုအတိတ်ဖြစ်သလော။

ပရဝါဒီ။ ။ဩော် ဟုတ်ပါ၏ [၂]။

သကဝါဒီ။ ။ပစ္စုပ္ပန်ဖြစ်ပြီး၍ အတိတ်ဖြစ်သလော၊ အတိတ်ဖြစ်ပြီး၍ ပစ္စုပ္ပန်ဖြစ်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။ [၃]

သကဝါဒီ။ ။(ပစ္စုပ္ပန်)ဖြစ်၍ (အတိတ်) ဖြစ်သလော၊ (အတိတ်)ဖြစ်၍ (ပစ္စုပ္ပန်) ဖြစ်သလော။

ပရဝါဒီ။ ။ဩော် ဖြစ်ပါ၏ [၄]။

သကဝါဒီ။ ။(ပစ္စုပ္ပန်)မဖြစ်မူ၍ (အတိတ်)မဖြစ်သလော၊ (အတိတ်)မဖြစ်မူ၍ (ပစ္စုပ္ပန်) မဖြစ်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။အနာဂတ်ဖြစ်ပြီး၍ ပစ္စုပ္ပန်ဖြစ်သလော၊ ပစ္စုပ္ပန်ဖြစ်ပြီး၍ အတိတ်ဖြစ်သလော။

ပရဝါဒီ။ ။ဩော် ဖြစ်ပါ၏။

သကဝါဒီ။ ။ထိုအနာဂတ်သည်ပင် ထိုပစ္စုပ္ပန် ထိုအတိတ်လေလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ထိုအနာဂတ်သည်ပင် ထိုပစ္စုပ္ပန် ထိုအတိတ်လေလော။

ပရဝါဒီ။ ။ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။(အနာဂတ်)ဖြစ်ပြီး၍ (ပစ္စုပ္ပန် အတိတ်) ဖြစ်သလော၊ ( ပစ္စုပ္ပန် အတိတ်) ဖြစ်ပြီး၍ (အနာဂတ်) ဖြစ်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။(အနာဂတ်) ဖြစ်ပြီး၍ (ပစ္စုပ္ပန်အတိတ်) ဖြစ်သလော၊ (ပစ္စုပ္ပန်အတိတ်) ဖြစ်ပြီး၍ (အနာဂတ်)ဖြစ်သလော။

ပရဝါဒီ။ ။ဩော် ဖြစ်ပါ၏။

---

၁။ ပစ္စုပ္ပန်ခဏ၌ပင် ထိုတရား၏ အတိတ်မရှိသည်၏အဖြစ်ကို ရည်ရွယ်၍ ကာလကွဲပြားသည်၏အဖြစ်ကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၂။ အတိတ်ဖြစ်သည်မှ ရှေး၌ပစ္စုပ္ပန်ဖြစ်ဘူးပြီ၊ ထိုပစ္စုပ္ပန်တရားသည်ပင် အတိတ်ဖြစ်သောကြောင့် ပရဝါဒီကဝန်ခံပြန်သည်။

၃။ ပစ္စုပ္ပန်ဖြစ်ပြီး၍ အတိတ်ဖြစ်သောတရား၏ တပန်ပစ္စုပ္ပန်ဖြစ်၍ အတိတ်ဖြစ်ခြင်းမရှိသောကြောင့် ပရဝါဒီက ပဋိက္ခေပပြု၍ ဖြေသည်။

၄။ ထိုတရားသည် ပစ္စုပ္ပန်ဖြစ်၍ အတိတ်ဖြစ်ခဲ့သော် "ဖြစ်၍ ဖြစ်၏"ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏ဟူ၍ နှလုံးသွင်း၍ ပရဝါဒီကဝန်ခံပြန်သည်။

http://www.dhammadownload.com



သကဝါဒီ။ ။အဘယ်တရားသည် ရှိ၍ အဘယ်တရားသည် မရှိသနည်း။

ပရဝါဒီ။ ။ကေန်ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် ရှိကုန်၍ ကေန် မဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် မရှိပါကုန်။

သကဝါဒီ။ ။ကေန်ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ဪ ရှိပါကုန်၏။

သကဝါဒီ။ ။ကေန်မဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ကေန်မဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ဪ မရှိပါကုန်။

သကဝါဒီ။ ။ကေန်ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ကေန်ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ဪ ရှိပါကုန်၏။

သကဝါဒီ။ ။ကေန်ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် မဖြစ်ကုန်သေးသည် မဟုတ်ပါလော။

ပရဝါဒီ။ ။ဪ ဟုတ်ပါ၏။

သကဝါဒီ။ ။အရှင်ပရဝါဒီ ကေန် ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် အကယ်၍ မဖြစ်ကုန်သေးမူ ကေန်ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် ရှိကုန်၏ ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ကေန်ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် မဖြစ်ကုန်သေးပဲလျက် ထိုအနာဂတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ဪ ရှိပါကုန်၏။

သကဝါဒီ။ ။ကေန်မဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် မဖြစ်ကုန်သေးပဲလျက် ထိုအနာဂတ်တရားတို့သည် ရှိကုန်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ကေန်မဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် မဖြစ်ကုန်သေးသည်ဖြစ်၍ ထိုအနာဂတ်တရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ဪ မရှိပါကုန်။

သကဝါဒီ။ ။ကေန်ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် မဖြစ်ကုန်သေးသည်ဖြစ်၍ ထိုအနာဂတ်တရားတို့သည် မရှိကုန်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

ပရဝါဒီ။ ။ကေန်ဖြစ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် ရှိကုန်၏ဟူ၍ မဆိုသင့်ပါ သလော။

http://www.dhammadownload.com



သကဝါဒီ။ ။သုတပါးတရား (သမာပတ်ရှစ်ပါး)၌ ကျွမ်းကျင်သော ရဟန္တာအား သုက်နှင့် သုက်လွှတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။သုတပါးတရား (သမာပတ်ရှစ်ပါး)၌ ကျွမ်းကျင်သော ရဟန္တာအား သုက်နှင့်သုက်လွှတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ခြေဘ် မရှိပါ။

သကဝါဒီ။ ။မိမိတရား (အရဟတ္တဖိုလ်)၌ ကျွမ်းကျင်သော ရဟန္တာအား သုက်နှင့် သုက်လွှတ်မှုသည် မရှိပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။မိမိတရား (အရဟတ္တဖိုလ်)၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးဖြစ်လျက် ထိုရဟန္တာအား သုက်နှင့်သုက်လွှတ်မှုသည် ရှိသလော။

ပရဝါဒီ။ ။ခြေဘ် ရှိပါ၏။

သကဝါဒီ။ ။သုတပါးတရား (သမာပတ်ရှစ်ပါး)၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားအပ်ပြီးဖြစ်လျက် ထိုရဟန္တာအား သုက်နှင့်သုက်လွှတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။မိမိတရား (အရဟတ္တဖိုလ်)၌ ကျွမ်းကျင်သော ရဟန္တာသည် ဒေါသကို ပယ်ရှားအပ်ပြီးဖြစ်ပါလျက်။ပ။ မောဟကို ပယ်ရှားအပ်ပြီးဖြစ်ပါလျက်။ပ။အနေ္တာတ္တပ္ပကို ပယ်ရှား အပ်ပြီးဖြစ်ပါလျက် ထိုရဟန္တာအား သုက်နှင့်သုက်လွှတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ခြေဘ် ရှိပါ၏။

သကဝါဒီ။ ။သုတပါးတရား (သမာပတ်ရှစ်ပါး)၌ ကျွမ်းကျင်သော ရဟန္တာသည် အနေ္တာတ္တပ္ပကို ပယ်ရှားအပ်ပြီးဖြစ်ပါလျက် ထိုရဟန္တာအား သုက်နှင့်သုက်လွှတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။မိမိတရား (အရဟတ္တဖိုလ်)၌ ကျွမ်းကျင်သော ရဟန္တာသည် ရာဂကို ပယ်ရှားရန် မင်္ဂကို ပွါးများအပ်ပြီး ဖြစ်ပါလျက်။ပ။ ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်ပါလျက်။ပ။ ဒေါသကို ပယ်ရှားရန် ။ပ။ မောဟကို ပယ်ရှားရန် ။ပ။ အနေ္တာတ္တပ္ပကို ပယ်ရှားရန် မင်္ဂကို ပွါးများအပ်ပြီးဖြစ်ပါလျက် ။ပ။ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်ပါလျက် ထိုရဟန္တာအား သုက်နှင့်သုက်လွှတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ခြေဘ် ရှိပါ၏။

သကဝါဒီ။ ။သုတပါးတရား (သမာပတ်ရှစ်ပါး) ၌ ကျွမ်းကျင်သော ရဟန္တာသည် အနေ္တာတ္တပ္ပကို ပယ်ရှားရန် ဗောဇ္ဈင်တို့ကို ပွါးများအပ်ကုန်ပြီးဖြစ်ပါလျက် ထိုရဟန္တာအား သုက်နှင့် သုက်လွှတ်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

http://www.dhammadownload.com



သကဝါဒီ။ ။ရဟန္တာအား သူတပါးတို့၏ ပြောပြမှုရှိသည်ဖြစ်ပါလျက် ထိုရဟန္တာသည်ကား သူတပါးတို့ ဆွဲဆောင်မခံရသူ သူတပါးတို့ မယုံကြည်စေအပ်သူ သူတပါးဟူသော အကြောင်းမရှိသူ သူတပါးနှင့်စပ်၍မဖြစ်သူ မတွေဝေသူ ဆင်ခြင်မှုရှိသူဖြစ်၍ သိပါ မြင်ပါသလော။

ပရဝါဒီ။ ။ဩော် ဟုတ်ပါ၏။

သကဝါဒီ။ ။ပုထုဇဉ်အား သူတပါးတို့၏ ပြောပြမှုရှိသည်ဖြစ်ပါလျက် ပုထုဇဉ်သည်ကား သူတပါးတို့ဆွဲဆောင်မခံရသူ သူဘပါးတို့ မယုံကြည်စေအပ်သူ သူတပါးဟူသော အကြောင်းမရှိသူ သူတပါးနှင့် စပ်၍ မဖြစ်သူ မတွေဝေသူ ဆင်ခြင်မှုရှိသူဖြစ်၍ သိပါ မြင်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ရဟန္တာအား သူတပါးတို့၏ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ဩော် ရှိပါ၏။

သကဝါဒီ။ ။ရဟန္တာအား ဘုရား၌ သူတပါးတို့ပြောပြမှု တရား၌ သူတပါးတို့ပြောပြမှု သံဃာ၌ သူတပါးတို့ပြောပြမှု အကျင့်'သိက္ခာ'၌ သူတပါးတို့ပြောပြမှု ရှေ့အစွန်း၌ သူတပါးတို့ ပြောပြမှု နောက်အစွန်း၌ သူဘပါးတို့ ပြောပြမှု ရှေ့အစွန်း နောက်အစွန်း၌ သူတပါးတို့ ပြောပြမှု ပဋိစ္စသမုပ္ပါဒ်တရားတို့၌ သူတပါးတို့ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။ရဟန္တာအား ဘုရား၌ သူတပါးတို့ ပြောပြမှု တရား၌ သူတပါးတို့ ပြောပြမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ သူတပါးတို့ ပြောပြမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ဩော် မရှိပါ။

သကဝါဒီ။ ။အရှင်ပရဝါဒီ ရဟန္တာအား ဘုရား၌ သူတပါးတို့ပြောပြမှု တရား၌ သူတပါးတို့ ပြောပြမှု။ပ။ပဋိစ္စသမုပ္ပါဒ်တရားတို့၌ သူတပါးတို့ပြောပြမှု မရှိခဲ့ပါမူ ရဟန္တာအား သူတပါးတို့ ပြောပြမှု ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ပုထုဇဉ်အား သူတပါးတို့ ပြောပြမှုသည် ရှိသည်ဖြစ်၍ ထိုပုထုဇဉ်အား ဘုရား၌ သူတပါးတို့ ပြောပြမှု တရား၌ သူတပါးဘို့ ပြောပြမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားဘို့၌ သူတပါးတို့ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ဩော် ရှိပါ၏။

သကဝါဒီ။ ။ရဟန္တာအား သူဘပါးဘို့ ပြောပြမှုရှိသည်ဖြစ်၍ ထိုရဟန္တာအား ဘုရား၌ သူတပါးတို့ပြောပြမှု တရား၌ သူတပါးတို့ ပြောပြမှု။ပ။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ သူတပါးဘို့ ပြောပြမှုသည် ရှိပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ ပ။

သကဝါဒီ။ ။ရဟန္တာအား သူတပါးတို့ ပြောပြမှုရှိသည်ဖြစ်ပါလျက် ထိုရဟန္တာအား ဘုရား၌ သူဘပါးတို့ပြောပြမှု တရား၌ သူတပါးတို့ ပြောပြမှု။ပ။ပဋိစ္စသမုပ္ပါဒ်တရားတို့၌ သူတပါးတို့ပြောပြမှုသည် မရှိပါသလော။

ပရဝါဒီ။ ။ဩော် မရှိပါ။

http://www.dhammadownload.com



ပရဝါဒီ။ ။အရှင်သကဝါဒီ စကားကို ဝိတက်ကြောင့် ဖြစ်၏ဟူ၍ မြတ်စွာဘုရားဟောအပ် သည်ဖြစ်၍ပဋ္ဌမစျာန်ဝင်စားသူအား ဝိတက်ဝိစာရတို့ ရှိခဲ့ကုန်မူ ထိုအကြောင်းကြောင့် သမာပတ် ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိ၏ဟူ၍ ဆိုသင့်၏။

သကဝါဒီ။ ။စကားကို ဝိတက်ကြောင့် ဖြစ်၏ဟူ၍ မြတ်စွာဘုရားဟောအပ်သည်ဖြစ်၍ ပဋ္ဌမစျာန်ဝင်စားသူအား ဝိတက်ဝိစာရတို့ ရှိကုန်၏ဟု နှလုံးပြု၍ ထိုပုဂ္ဂိုလ်အား နှုတ်မြွက်မှုသည် ရှိပါ သလော။

ပရဝါဒီ။ ။ဩော် ရှိပါ၏။

သကဝါဒီ။ ။စကားကို သညာကြောင့် ဖြစ်၏ဟူ၍ မြတ်စွာဘုရား ဟောအပ်သည်ဖြစ်၍ ဒုတိယစျာန်ကို ဝင်စားသူအား သညာရှိသည်ဖြစ်ရကား ထိုပုဂ္ဂိုလ်အား ဝိတက်ဝိစာရတို့ ရှိကုန် သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။စကားကို ဝိတက်ကြောင့် ဖြစ်၏ဟူ၍ မြတ်စွာဘုရားဟောအပ်၏၊ ပဋ္ဌမစျာန် ကို ဝင်စားသူအား ဝိတက်ဝိစာရတို့ ရှိကုန်၏ဟု နှလုံးပြု၍ ထိုပုဂ္ဂိုလ်အား နှုတ်မြွက်မှုသည် ရှိပါ သလော။

ပရဝါဒီ။ ။ဩော် ရှိပါ၏။

သကဝါဒီ။ ။စကားကို သညာကြောင့် ဖြစ်၏ဟူ၍ မြတ်စွာဘုရားဟောအပ်သည်ဖြစ်၍ တတိယစျာန်ကို။ပ။စတုတ္ထစျာန်ကို။အာကာသာနဉ္စာယတနစျာန်ကို။ ဝိညာဏဉ္စာယတနစျာန်ကို။ အာကိဉ္စညာယတနစျာန်ကို ဝင်စားသူအား သညာသည် ရှိသည်ဖြစ်ရကား ထိုပုဂ္ဂိုလ်အား ဝိတက် ဝိစာရတို့ ရှိပါကုန်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၃၃၃။ သကဝါဒီ။ ။သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ဩော် ရှိပါ၏။

သကဝါဒီ။ ။ပဋ္ဌမစျာန်ဝင်စားသူ၏ စကားသည် ချုပ်၏၊ ဤသို့သော သုတ္တန် (ပါဠိ)ရှိသည် သာ မဟုတ်ပါလော။

ပရဝါဒီ။ ။ဩော် ရှိပါ၏။

သကဝါဒီ။ ။အရှင်ပရဝါဒီ ပဋ္ဌမစျာန်ကို ဝင်စားသူ၏ စကားသည် ချုပ်၏၊ ဤသို့သော သုတ္တန် (ပါဠိ)ရှိခဲ့ပါမူ သမာပတ်ဝင်စားသူအား နှုတ်မြွက်မှုသည် ရှိ၏ဟူ၍ မဆိုသင့်။

သကဝါဒီ။ ။ပဋ္ဌမစျာန်ကို ဝင်စားသူ၏ စကားသည် ချုပ်၏၊ ဤသို့သော သုတ္တန်(ပါဠိ) ရှိ၏ဟု နှလုံးပြုလျက် ထိုပုဂ္ဂိုလ်အား နှုတ်မြွက်မှုသည် ရှိပါသလော။

ပရဝါဒီ။ ။ဩော် ရှိပါ၏။

သကဝါဒီ။ ။ဒုတိယစျာန်ကို ဝင်စားသူအား ဝိတက်ဝိစာရတို့သည် ချုပ်ကုန်၏ ဟူသော သုတ္တန် (ပါဠိ)ရှိ၏ဟု နှလုံးပြုလျက် ထိုပုဂ္ဂိုလ်အား ဝိတက် ဝိစာရတို့ ရှိကုန်သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

http://www.dhammadownload.com



ဖြင့် အနံ့ကို နမ်းရှူပါသလော။ လျှာဖြင့် အရသာကို လျက်ပါသလော၊ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

သကဝါဒီ။ ။တခုသော စိတ်သည် တနေ့လုံး တည်နေပါသလော။

ပရဝါဒီ။ ။ဩော် တည်ပါ၏။

သကဝါဒီ။ ။အကြင်စိတ်ကြောင့်သာလျှင် ရှေ့သို့တက်၏၊ ထိုစိတ်ကြောင့်သာလျှင် နောက်သို့ ဆုတ်ပါသလော။အကြင်စိတ်ကြောင့်သာလျှင် နောက်သို့ဆုတ်၏ ထိုစိတ်ကြောင့်သာလျှင် ရှေ့သို့ တက်ပါသလော။ အကြင်စိတ်ကြောင့်သာလျှင် တည့်တည့်ကြည့်၏၊ ထိုစိတ်ကြောင့်သာလျှင် တစောင်း ကြည့်ပါသလော။အကြင်စိတ်ကြောင့်သာလျှင် တစောင်းကြည့်၏၊ထိုစိတ်ကြောင့် သာလျှင် တည့်တည့်ကြည့်ပါသလော။ အကြင်စိတ်ကြောင့်သာလျှင် ကွေး၏၊ထိုစိတ်ကြောင့်သာလျှင် ဆန့်ပါသလော။အကြင်စိတ်ကြောင့်သာလျှင် ဆန့်၏၊ ထိုစိတ်ကြောင့်သာလျှင် ကွေးပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။ပ။

၃၃၇။ သကဝါဒီ။ ။အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့၏ တခုသော စိတ်သည် အသက်ထက်ဆုံး တည်ပါသလော။

ပရဝါဒီ။ ။ဩော် တည်ပါ၏[၁]။

သကဝါဒီ။ ။လူဘုံ၏ တခုသောစိတ်သည် အသက်ထက်ဆုံး တည်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့၏တခုသောစိတ်သည် အသက်ထက်ဆုံး တည်ပါသလော။

ပရဝါဒီ။ ။ဩော် တည်ပါ၏။

သကဝါဒီ။ ။စာတုမဟာရာဇ်နတ်တို့၏။ပ။ တာဝတိံသာနတ်တို့၏။ ယာမာနတ်တို့၏။ တုသိတာနတ်တို့၏။နိမ္မာနရတီနတ်တို့၏။ပရနိမ္မိတဝသဝတ္တီနတ်တို့၏။ ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့၏။ ဗြဟ္မပုရောဟိတာဗြဟ္မာတို့၏။ မဟာဗြဟ္မာတို့၏။ ပရိတ္တာဘာဗြဟ္မာတို့၏။ အပ္ပမာဏာဘာ ဗြဟ္မာဘုံ၏။ အာဘဿရဗြဟ္မာတို့၏။ ပရိတ္တသုဘာဗြဟ္မာတို့၏။ အပ္ပမာဏသုဘာဗြဟ္မာတို့၏။ သုဘကိဏှာဗြဟ္မာဘုံ၏။ဝေဟပ္ဖိုလ်ဗြဟ္မာဘုံ၏။အဝိဟာဗြဟ္မာတို့၏။ အတပ္ပါဗြဟ္မာတို့၏။သုဒဿာ ဗြဟ္မာတို့၏။သုဒဿီဗြဟ္မာဘုံ၏။အကနိဋ္ဌဗြဟ္မာဘုံ၏ တခုသောစိတ်သည် အသက်ထက်ဆုံး တည်ပါ သလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။အာကာသာနဉ္စာယတနဘုံသို့ ရောက်သောဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် ကမ္ဘာနှစ်သောင်းတို့ ဖြစ်ကုန်၏၊ အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့၏ တခုသောစိတ်သည် ကမ္ဘာနှစ်သောင်းတို့ပတ်လုံး တည်ပါသလော။

---

၁။ 'စုလ္လာသီတိသဟဿာနိ ကပ္ပါ တိဋ္ဌန္တိ ယေ မရူ'အစရှိသော စကား၏ အစွမ်းအားဖြင့် အရူပဘုံမှ တပါးသောဘုံ၌ အသက်ထက်ဆုံးတည်ခြင်းကို ပယ်၍ အရူပဘုံ၌ အသက်ထက်ဆုံးတည်ခြင်းကို ဝန်ခံသည်။

http://www.dhammadownload.com



ပရဝါဒီ။ ။ဪ တည်ပါ၏။

သကဝါဒီ။ ။လူတို့၏ အသက်ဘိုင်းအရှည်သည် အနှစ်တရာဖြစ်၏၊ လူတို့၏ တခုသော စိတ်သည် အနှစ်တရာပတ်လုံး တည်ပါသလော။

ပရဝါဒီ။ ။ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ။ ။အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် ကမ္ဘာနှစ်သောင်းတို့ ဖြစ်၏၊ အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့၏ တခုသော စိတ်သည် ကမ္ဘာနှစ်သောင်းတို့ပတ်လုံး တည်ပါသလော။

ပရဝါဒီ။ ။ဪ တည်ပါ၏။

